မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၃ ရက်၊ ၂၀၀၈ ခုနှစ်၊ ဇွန် ၂၁ ရက်၊ စနေနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၆၀)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အစိုးရအဖွဲ့ဝင်ဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၂/၂၀၀၈)

၁၃၇၀ခုနှစ်၊ နယုန်လပြည့်ကျော် ၂ရက်
(၂၀၀၈ ခုနှစ်၊ ဇွန်လ ၂၀ရက်)

အစိုးရအဖွဲ့ဝင်ဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးအဖြစ် ယနေ့မှစ၍ ပြောင်းလဲတာဝန်ပေးလိုက်သည်။

အမိန့်အရ

(ပုံ) သီဟသူရတင်အောင်မြင့်ဦး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

အစိုးရအဖွဲ့ဝင်ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၃/၂၀၀၈)

၁၃၇၀ခုနှစ်၊ နယုန်လပြည့်ကျော် ၂ရက်
(၂၀၀၈ ခုနှစ်၊ ဇွန်လ ၂၀ရက်)

အစိုးရအဖွဲ့ဝင်ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးအဖြစ် ယနေ့မှစ၍ ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

(ပုံ) သီဟသူရတင်အောင်မြင့်ဦး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများထုတ်ပြန်

နေပြည်တော် ဇွန် ၂၁

၂၀၀၈ခုနှစ် မတ်လအတွင်းက ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ယနေ့ ဇွန် ၂၁ရက် (စနေနေ့) နံနက် ၆နာရီတွင် မြန်မာနိုင်ငံစာစစ်အဖွဲ့က ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါအောင်စာရင်းများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းနှင့် မြို့နယ် အသီးသီးတို့ရှိ သက်ဆိုင်ရာ စာစစ်ဌာနကျောင်းများ၌ တစ်ချိန်တည်း ထုတ်ပြန်ထားသည်။

ထို့အပြင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ရန်ကင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ကမာရွတ်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် သဃ်္ဃန်းကျွန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့၌လည်း ရန်ကုန်တိုင်းမှအပ အခြား ပြည်နယ်နှင့်တိုင်းများ၏ အောင်စာရင်းများကိုပါ ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

ဒီနေ့အချိန်မှာ နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ဟာ အားလုံး ညီညီညွတ်ညွတ်နဲ့ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား၊ တစ်စီးပွားတည်း ဖြစ်နေကြပါပြီ။ တကယ့်ကို နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ အခြေခံကောင်းတွေ ဝေဆာပြည့်လျှမ်းနေတဲ့ အခြေအနေကောင်း၊ အချိန်အခါကောင်းပါပဲ။ ဒါကို မိမိ အာဏာရလိုမှု၊ ပါတီဩဇာတက်လိုမှု အတ္တစွဲတွေနဲ့ တည်ငြိမ်နေတဲ့ ကန်ရေပြင်ကို ဂယက်ထအောင် မလုပ်ကောင်းပါဘူး။ ရရှိလာတဲ့ အခြေအနေကောင်း၊ အခွင့်အခါကောင်းကို မိမိရရ ဆုပ်ကိုင်ပြီး ပန်းအဝင်လှအောင်လုပ်ဖို့ အချိန်တန်ပါပြီ။

ကျော်မင်းလူ(ရွှေပြည်သာ)၏ ဆောင်းပါး စာ-၈၊ ၉

ရန်ကုန်မြို့တွင်းရှိ နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင်ခြံဝင်းများအတွင်းရှိ ပြိုလဲသစ်ပင်များနှင့် အမှိုက်များ အပြီးသတ်ရှင်းလင်းနေမှု ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက် ၇နာရီက ရန်ကုန်မြို့တွင်းရှိ နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင်ခြံဝင်းများအတွင်းရှိ မုန်တိုင်းဒဏ်ကြောင့် ပြိုလဲသွားသောသစ်ပင်များနှင့် အမှိုက်များ အပြီးသတ်ရှင်းလင်းနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး (**အပေါ်ပုံ**) တာဝန်ရှိသူများအား လိုအပ်သည်တို့ကို မှာကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ ●

မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ဒေသများသို့ လက်တွန်းထွန်စက်များ ကျေးရွာအရောက်ပေးပို့

ရန်ကုန် ဇွန် ၂၀

မော်လမြိုင်ကျွန်းမြို့နယ် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးကော်မတီက မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ကျေးရွာများသို့ လိုအပ်သော ထောက်ပံ့မှုများကို ပံ့ပိုးပေးလျက်ရှိရာ ဇွန်၂၀ရက် နံနက်တွင် နတ်မူးကျေးရွာသို့ ဇရာ(၁) လက်တွန်းထွန်စက် ၁၀စီးကို လည်းကောင်း၊ ကျွန်းချောင်းကျေးရွာသို့ ဇရာ(၁) လက်တွန်းထွန်စက် ငါးစီးကိုလည်းကောင်း၊ ကြက်လျှာကျေးရွာသို့ တစ်ဘီးထောက်လက်တွန်းထွန်စက် ရှစ်စီးကိုလည်းကောင်း ဝင်းစိန်(၁) ရေယာဉ်ဖြင့် ကျေးရွာများအရောက် ပေးပို့ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဇွန် ၂၁ ရက်)

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး ကုန်ပစ္စည်းများ အရည်အသွေးမီ တိုးမြှင့်ထုတ်လုပ်

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် စက်မှုကဏ္ဍသည် ပဓာနကျသည့်အခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင်စက်မှုကဏ္ဍကို ဟန်ချက်ညီညီ တိုးတက်လာစေရေး နိုင်ငံတော်က အားပေးကူညီလျက်ရှိသည်။

နိုင်ငံတော်အပိုင်းက ခေတ်မီစက်ပစ္စည်း ထုတ်လုပ်သည့်စက်ရုံများ၊ သွင်းကုန်အစားထိုး စက်ရုံသစ်များကို စက်မှုနယ်မြေအလိုက် တိုးချဲ့ထူထောင်လျက်ရှိရာ စက်မှုကဏ္ဍထုတ်လုပ်မှု အလားအလာကောင်းများ ဖြစ်ထွန်းနေသည်။

တောင်ကြီးအေးသာယာစက်မှုဇုန်၊ မန္တလေးစက်မှုဇုန်နှင့် မုံရွာစက်မှုဇုန်တို့တွင် ခေတ်မီသံရည်ကျို၊ ပုံလောင်းပုံဖိစက်ရုံများကို နိုင်ငံတော်၏ ပံ့ပိုးမှုဖြင့် ထူထောင်ပေးထားရာ သံထည်ပစ္စည်းကိုင်တွယ်သည့် စက်မှုလုပ်ငန်းများ တိုးတက်လာနေပြီဖြစ်သည်။

နိုင်ငံတစ်ဝန်းရှိ စက်မှုဇုန်များအနေဖြင့် ယာဉ်အမျိုးမျိုး၊ စားသောက်ကုန်အမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းနှင့် လယ်ယာသုံးပစ္စည်းများ ထုတ်လုပ်ပေးလျက်ရှိသည်။

ရန်ကုန်တိုင်းအတွင်း စက်မှုဇုန်များရှိ စက်ရုံ၊ အလုပ်ရုံများသည် မေလဆန်းက မုန်တိုင်းတိုက်ခတ်ခံရပြီး ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရာ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ခဲ့သဖြင့် အချိန်တိုအတွင်း စက်ရုံ၊ အလုပ်ရုံအတော်များများ လျင်မြန်စွာ ပြန်လည်လည်ပတ်နိုင်နေပြီ ဖြစ်သည်။

ယခုအခါ နိုင်ငံတော်က လေဘေးသင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်ပိုင် စက်ရုံ၊အလုပ်ရုံများ အပါအဝင် စက်မှုဇုန်များက တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများအပြင် ဒေသအတွက် လိုအပ်သည့်ပစ္စည်းကို ဖြည့်ဆည်းထုတ်လုပ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

စက်ရုံ၊ အလုပ်ရုံအသီးသီးနှင့် စက်မှုဇုန်များအနေဖြင့် စက်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အရေအတွက်သာမက ထုတ်ကုန်အရည်အသွေး တိုးတက်ကောင်းမွန်စေရေးကိုပါ အလေးထားဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်နှင့်အတူ စက်မှုလုပ်ငန်းရှင်များက လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရင်း စက်မှုကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဝယ်ယူသုံးစွဲသူအကြိုက် ကုန်ပစ္စည်းများ အရည်အသွေးမီ တိုးမြှင့်ထုတ်လုပ်နိုင်သည်နှင့်အမျှ ပြည်သူများ၏ လိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးသွားနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ＊ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ＊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ＊ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ＊ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မရမ်းကုန်းမြို့နယ် သမိုင်းဝင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဇွန် ၂၀

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် စမ်းချောင်းမြို့နယ် စမ်းချောင်း(တောင်)ရပ်ကွက် ဆီဆုံလမ်း အမှတ်၃၈နေ အနန္တောအနန္တငါးပါးဦးထိပ်ထား၍ ဒေါ်အေးအေး၊ ညီမ မတင်ရီ၊ တူမ၊သမီး မတင်စု(ရွှေ၃) အေးသိဒ္ဓိဆေးတိုက် မိသားစုက အလှူငွေကျပ် တစ်သိန်းနှင့် ကိုးလက်မပတ်လည် ရွှေသင်္ကန်းသုံးချပ်အတွက် ငွေကျပ် ၄၅၀၀၀ စုစုပေါင်းငွေကျပ် ၁၄၅၀၀၀ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမောင်လှိုင်၊ ဦးအေးမြင့်နှင့်ဦးသိန်းထွန်းတို့က လက်ခံယူကြသည်။(အောက်ပုံ) (က-ပ)

သာသနာရေး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ဘာသာပေါင်းစုံသို့ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၂၀

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက ကော့မှူးမြို့နယ် ရှမ်းစုကျေးရွာ ရွှေညောင်ပင်ကျောင်းသို့ ရောက်ရှိကြပြီး ဆရာတော်ဘဒ္ဒန္တကောဝိဒအား ဖူးမြော်ကြည်ညိုကာ သင်္ကန်း၊ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ မြို့ကုန်းကျေးရွာ အသောကာရာမကျောင်းသို့ရောက်ရှိပြီး ဆရာတော်ဘဒ္ဒန္တသောဘိတအား ဖူးမြော်ကြည်ညိုပြီး သင်္ကန်း၊ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကွမ်းခြံကုန်းမြို့နယ် အင်္ဂလုံကျေးရွာ၊ ဟိန္ဒူဘုရားကျောင်းသို့ ရောက်ရှိပြီး သာသနာရေးဝန်ကြီးဌာနမှ ထောက်ပံ့လှူဒါန်းသော သွပ်နှင့်သွပ်ရိုက်သံများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။ ထိုမှတစ်ဆင့် ဓမ္မိကာရုံစာသင်တိုက်သို့ ရောက်ရှိကြပြီး ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇဝနတိက္ခအား ဖူးမြော်ကြည်ညိုကာ မြို့နယ်အတွင်းရှိ လေဘေးသင့်ဘုန်းတော်ကြီးကျောင်းများအတွက် သာသနာရေးဝန်ကြီးဌာနမှ ထောက်ပံ့လှူဒါန်းသော သွပ်၊ သွပ်ရိုက်သံ၊ သင်္ကန်းဒွိစုံနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အလှူရှင်စင်ကာပူသမ္မတနိုင်ငံ ရွှေဘုရားကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဗန်ရှီဗာဇော့နှင့် တပည့်ဒကာများက လှူဒါန်းထားသော ဆန်၊ အဝတ်အထည်နှင့် စားသောက်ဖွယ်ပစ္စည်းစုံအိတ်များကို မြို့ပေါ်ရပ်ကွက်များနှင့် တိုက်ကြီးကျေးရွာအုပ်စုမှ အိမ်ထောင်စု၄၀၀တို့ကို ထောက်ပံ့လှူဒါန်းသည်။ ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စွန္နီဂျာမေဗလီဝတ်ကျောင်းသို့ရောက်ရှိပြီး မြို့ပေါ်ရှိ ဗလီဝတ်ကျောင်း သုံးကျောင်းအတွက် သာသနာရေးဝန်ကြီးဌာနမှ ထောက်ပံ့လှူဒါန်းထားသော သွပ်နှင့်သွပ်ရိုက်သံများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ယမန်နေ့က လှူဒါန်းမှုအစုစုမှာ သွပ်ချပ် ၁၇၅၀၊ သွပ်ရိုက်သံ ပိဿာ၅၀၊ သင်္ကန်းဒွိစုံ၁၈၀နှင့် လေဘေးသင့် မိသားစုဝင်များအတွက် ဆန်၊ အဝတ်အထည်၊ စားသောက်ဖွယ်ပစ္စည်းစုံ တန်ဖိုးငွေကျပ်သိန်း၇၀ကျော် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဦးအေးမြင့်အား ရည်စူး၍ အမှတ် ၂၇ အောင်သပြေလမ်း စမ်းချောင်းမြို့နယ်နေ ဒေါ်အေးအေးနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ဗဟန်းမြို့နယ်ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ထာဝရဆေး ပ ဒေ သာ ပင် အလှူငွေကျပ် ၄၁၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင် လက်ခံယူစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၁-၆-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၅ ၄။ ကျန်းမာသုတ
- ၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **မိထွေး** သရုပ်ဆောင် -မင်းဟိဏ်း၊ မြင့်မြတ်၊ ထွန်းအိန္ဒြာဗို
- ၁၃:၅၀ ၆။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်ဆို
- ၄:၁၅ ၄။ မြန်မာသံစဉ် ချိုနားဝင်
- ၄:၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၂၅ ၆။ အမျိုးသားရေးတေးကဗျာ
- ၄:၃၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅:၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၂။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၆:၄၅ ၁၃။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၄။ ရာသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ** (အပိုင်း -၃၅)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ English Usage
- ၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၀။ ရာသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဆန့်ကျင်ဘက်နှလုံးသား** (အပိုင်း -၂၀)

ရန်ကုန်တိုင်း လသာမြို့နယ် ၂၁လမ်းနေ နှစ်ဖက်သောမိဘများအား ရည်စူး၍ ဦးကြည်-ဒေါ်တင်နု၊ သမီး မခင်လေးရွှေ၊ မခင်လေးဝါ၊ ဇော်မင်းဦး၊ မြေး ယဉ်မင်းဇော်၊ ဇော်ထက်အောင်မိသားစုက လေးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးဝင်းဆွေထံ ပေးအပ်လှူဒါန်းစဉ်။(က-ပ)

ဒေးဒရဲမြို့နယ်မှ တောင်သူများအတွက် စက်မှုလယ်ယာဦးစီးဌာနမှပေးပို့သော လယ်ယာသုံးစက်ကိရိယာများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များက သယ်ယူဆောင်ရွက်ပေးစဉ်။

ပဲခူးတိုင်း(အရှေ့ပိုင်း)၊ ကချင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ

ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဇွန် ၂၀

နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့နှင့်အတူ နိုင်ငံတော်တည်ဆောက်ရေးနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများကို အစဉ်သယ်ပိုးဆောင်ရွက်လျက်ရှိသည့်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များသည် မုန်တိုင်းဒဏ်သင့်ဧရာဝတီတိုင်းအတွင်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင်လည်း တစ်တပ်တစ်အား တက်တက်ကြွကြွ ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ **နှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၏ လုပ်ငန်းဆောင်ရွက်နေမှုတို့ကို စာဖတ်ပရိသတ်များထံ တင်ပြနိုင်ရန် ဒေးဒရဲမြို့သို့ ဇွန် ၁၉ ရက်တွင် သွားရောက်ခဲ့သည်။**

သယ်ယူပို့ဆောင်

မိမိတို့သတင်းအဖွဲ့ဝင်များ ဒေးဒရဲမြို့သို့ရောက်သော် တိုက်တိုက်ဆိုင်ဆိုင်ပင် မြို့တွင်း သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်နေကြသည့်

ပူးပေါင်းဆောင်ရွက်

မိမိတို့သတင်းအဖွဲ့ဝင်များသည် ဒေးဒရဲမြို့နယ်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် တာဝန်ရှိသူများ

ပဲခူးတိုင်း (အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များနှင့် ကြုံတွေ့ခဲ့၍ လုပ်ငန်းများဆောင်ရွက်နေမှုကို မေးမြန်းကြည့်ရာ အဖွဲ့ ခေါင်းဆောင် ကဝမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအေးဝင်းက "ကျွန်တော်တို့အဖွဲ့မှာ အသင်းဝင်အင်အား ၁၀၀ပါဝင်ပြီး ပဲခူးတိုင်း (အရှေ့ပိုင်း) ၁၄မြို့နယ်က အသင်းဝင်တွေ ပါဝင်ကြပါတယ်။ ကျွန်တော်တို့ ဘိုကလေးမြို့ကို ဇွန် ၈ရက်နေ့မှာ စရောက်ပြီး ယခု ဒေးဒရဲမြို့ကိုတော့ ဇွန်၁၁ရက်နေ့မှာရောက်ရှိကြပါတယ်။ မြို့နယ်တာဝန်ရှိသူများနဲ့ ချိတ်ဆက်ပြီး လိုအပ်တဲ့ လုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်နေပါတယ်။ တောင်သူဦးကြီးများ ထွန်ယက်စိုက်ပျိုးရန် စက်မှုလယ်ယာဦးစီးဌာနက ပေးပို့တဲ့ လယ်ယာသုံးစက်ကိရိယာများကိုလည်း စုရပ်များအရောက် သယ်ယူပို့ဆောင်ပေးခဲ့ပါတယ်။ မြို့သန့်ရှင်းရေးနဲ့ရေစီးရေလာ ကောင်းမွန်ရေးအတွက်လည်း နေ့စဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ပူးပေါင်းပါဝင်

"လေဘေးသင့် ဧရာဝတီတိုင်းက ပြည်သူများအတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေမှာ ကျွန်တော်တို့ အဖွဲ့ဝင်တွေအားလုံး ကိုယ်ချင်းစာနာ စိတ်ဖြင့် တက်တက်ကြွကြွ ပူးပေါင်း ပါဝင်ဆောင်ရွက်လျက်ရှိကြပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

ထပ်မံရောက်ရှိ

ထို့နောက် ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဖွဲ့ခေါင်းဆောင် မိုးညှင်းမြို့နယ်တွဲဖက်အတွင်းရေးမှူးဦးမျိုးဝင်းက "ကျွန်တော်တို့အဖွဲ့မှာ အသင်းဝင်အင်အား၆၀ပါဝင်ပြီး ဇွန်၁၄ရက်နေ့က ဒေးဒရဲမြို့ကို ရောက်ရှိကြပါတယ်။ ဇွန် ၁၅ရက်နေ့ကစပြီး မြို့သန့်ရှင်းရေး လုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်ကြပြီး လေဘေးသင့်တောင်သူတွေအတွက် နိုင်ငံတော်က ပံ့ပိုးပေးတဲ့ မျိုးစပါးတင်း ၃၀၀၀ ကိုလည်း စုရပ်တွေအရောက် သယ်ယူပေးခဲ့ကြပါတယ်။ နောက်ထပ် မျိုးစပါးတင်း ၁၀၀၀၀ ထပ်မံရောက်ရှိလာမယ်လို့ သိရတဲ့အတွက် သယ်ယူပို့ဆောင်ပေးဖို့ စီစဉ်ထားပြီးလည်း ဖြစ်ပါတယ်။

မျှဝေခံစား

"ကျွန်တော်တို့အဖွဲ့က အသင်းဝင်တွေဟာ တောင်သူလယ်သမားဝန်ထမ်းနဲ့ တက္ကသိုလ်ကျောင်းသားတွေ စသည်ဖြင့် ကဏ္ဍစုံပါဝင်ပြီး မြစ်ကြီးနား၊ မိုးညှင်းနဲ့ဗန်းမော်ခရိုင်တို့က အသင်းဝင်များဖြစ်ကြပါတယ်။ ဧရာဝတီတိုင်းအတွင်းက လေဘေးသင့်ပြည်သူများနဲ့အတူ မျှဝေခံစားကြပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေ အမြန်ဆုံးပြီးမြောက်နိုင်ရေးအတွက် အင်တိုက်

သတင်းဆောင်းပါး – မောင်မောင်ထွေး(သတင်းစဉ်)
ဓာတ်ပုံ – သာညွန့်(သတင်းစဉ်)
စာမျက်နှာဖွဲ့စည်းမှု – လှစိန်(မြန်မာ့အလင်း)

အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားပါမယ်" ဟု ပြောကြားသည်။

ဝမ်းမြောက်ပီတိ

ထို့နောက် ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဖွဲ့ခေါင်းဆောင် ဓနုဖြူမြို့နယ်အရန်အလုပ်အမှုဆောင်ဦးတင်လှက "ကျွန်တော်တို့အဖွဲ့မှာ အသင်းဝင် အင်အား ၃၀ပါဝင်ပြီး ဒေးဒရဲမြို့ကို ဇွန် ၁၃ရက်နေ့က ရောက်ရှိကြပါတယ်။ ကျွန်တော်တို့ အသင်းဝင်တွေဟာ ညောင်တုန်း၊ ပန်းတနော်နဲ့ ဓနုဖြူမြို့နယ်မှ ဖြစ်ကြပြီး တောင်သူလယ်သမားတွေချည်းပဲ ဖြစ်ကြပါတယ်။ ဒါကြောင့် ဒေးဒရဲမြို့က လေဘေးသင့်တောင်သူတွေရဲ့လယ်ယာမြေ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာပါဝင်ကြပြီး လက်တွန်းထွန်စက် သရုပ်ပြမောင်းနှင်ခြင်း၊ ထွန်ယက်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဇွန် ၁၉ရက်နေ့အထိ ၄၅ဧကစုပေါင်း ထွန်ယက်နိုင်ခဲ့ပါတယ်။ တောင်သူဦးကြီးတွေ ကျေနပ်အားရကြတဲ့အတွက် ကျွန်တော်တို့ အသင်းဝင်တွေအားလုံးလည်း ဝမ်းမြောက်ပီတိဖြစ်ကြရပါတယ်" ဟု ပြောကြားသည်။

ဒဏ်ရာဒဏ်ချက်

သတင်းအဖွဲ့ဝင်သည် ဒေးဒရဲမြို့မှ ပြန်လည် ထွက်ခွာချိန်ကား ညနေစောင်းခဲ့ချေပြီ။ အပြန်ခရီးတစ်လျှောက် လမ်းဘေး ဝဲယာတစ်လျှောက်ကို ကြည့်ရှုလေ့လာမိရာ မုန်တိုင်း၏ ဒဏ်ရာဒဏ်ချက်များမှ ပျောက်ကင်းစ ပြုခဲ့လေပြီ။

အမိ ဧရာဝတီကား စီးဆင်းမြဲ စီးဆင်းဆဲပင်။ ခေတ်အဆက်ဆက်က ဧရာဝတီ၏ သမိုင်းရေစီးကလည်း ပုံရိပ်ထင်စွာ စီးဆင်းနေသည်။

ထို့အတူ နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အစဉ်လက်တွဲဆောင်ရွက်လျက်ရှိကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ဆောင်ရွက်မှုများသည်လည်း ဧရာဝတီ၏ မြစ်ရေအလျဉ်စီးဆင်းသရွေ့ ထင်ဟပ်ပေါ်လွင်နေမည်မှာ အမှန်ပင်ဖြစ်ပါသည်။ ။

"ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများ အမြန်ပြီးမြောက်နိုင်ရေး အင်တိုက်အားတိုက် ပူးပေါင်း ပါဝင် ဆောင်ရွက်လျက် ရှိပါတယ်။"
ဦးမျိုးဝင်း
ကချင်ပြည်နယ်
အဖွဲ့ခေါင်းဆောင်

"မြို့သန့်ရှင်းရေးနဲ့ ရေစီးရေလာ ကောင်းမွန်ရေး နေ့စဉ် ဆောင်ရွက်လျက်ရှိပါတယ်။"
ဦးအေးဝင်း
ပဲခူးတိုင်း(အရှေ့ပိုင်း)
အဖွဲ့ခေါင်းဆောင်

"လယ်ယာမြေပြန်လည်ထူထောင်ရေး လုပ်ငန်းတွေမှာ လက်တွန်းထွန်စက်များဖြင့် ထွန်ယက်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်"
ဦးတင်လှ
ဧရာဝတီတိုင်း
အဖွဲ့ခေါင်းဆောင်

ဒေးဒရဲမြို့နယ် သန့်ရှင်းရေးလုပ်ငန်းများတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ ပါဝင်ဆောင်ရွက်ကြစဉ်။

ဆည်ရေဖောက်ထုတ်

တရုတ်နိုင်ငံ ဟီနန်ပြည်နယ်ရှိ မြစ်ဝါမြစ်အနီး တည်ဆောက်ထားသည့် ဆည်တမံမှ ပိုလျှံရေများ ဖောက်ထုတ်မှုကို ဇွန် ၁၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဆီယံနိုင်ငံများ၏စီးပွား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရန် စင်ကာပူဝန်ကြီး တိုက်တွန်း

စင်ကာပူ ဇွန် ၂၀

အာဆီယံနိုင်ငံများအနေဖြင့် စီးပွားရေး အကျိုးတူပူးပေါင်းမှုကဏ္ဍ တိုးမြှင့်ဆောင်ရွက်ရန် ဇွန်၁၈ရက်က စင်ကာပူနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး လီရီရှီယန်က ဆော်ဩတိုက်တွန်းလိုက်သည်။

ယင်းအာဆီယံအဖွဲ့ဝင်နိုင်ငံများ အချင်းချင်းစီးပွားရေး ပေါင်းစည်းညီညွတ်စွာ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း ဇွန်၁၈ရက် နံနက်ပိုင်းက အာဆီယံခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲ၌ လီက ပြောကြားသည်။

ရင်းနှီးမြှုပ်နှံ

အရှေ့တောင်အာရှနိုင်ငံများ၏ အခြေခံကုန်ထုတ်လုပ်မှုနှင့် ဈေးကွက်အရှိန်အဟုန်မြင့်ကာ အကျိုးတူလုပ်ဆောင်ခြင်းဖြင့် ကုန်စည်စီးဆင်းမှု၊ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ လွတ်လပ်စွာ ကုန်သွယ်မှုပြုနိုင်ရေးကို ထပ်လောင်းပြောကြားသည်။

၂၀၀၆ခုနှစ်အတွင်း အာဆီယံနိုင်ငံများ၏ လူဦးရေသန်း၅၆၀နယ်မြေဧရိယာစတုရန်းကီလိုမီတာ၄ဒသမ၅သန်းရှိ ပြည်တွင်းကုန်ထုတ်လုပ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ဒသမ၁ ထရီလီယံနှင့် ကုန်သွယ်မှုပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ ၁ဒသမ၄ ထရီလီယံ ရှိကြောင်း ထည့်သွင်းပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တောင်ကိုရီးယားမှ ပါကစ္စတန်နိုင်ငံသို့ လေကြောင်းဆိုင်ရာ ပစ္စည်းများထောက်ပံ့

ဆိုးလ် ဇွန် ၂၀

ပါကစ္စတန်နိုင်ငံ လေကြောင်း သင်တန်းအတွက် တောင်ကိုရီးယားနိုင်ငံမှ အမေရိကန်ဒေါ်လာ ၁ဒသမ၂သန်းဖိုးရှိ ပစ္စည်းများတင်ပို့ကာ ထောက်ပံ့ကူညီမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ဖော်ပြ

နှစ်နိုင်ငံ လေတပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်အရ တောင်ကိုရီးယားနိုင်ငံမှ တီ-၃၇ စစ်ရေးလေ့ကျင့် လေယာဉ်အင်ဂျင်နှင့် စက်အရန်ပစ္စည်းများ တင်ပို့မည်ဖြစ်ကြောင်း စစ်ဘက်ကြေညာချက်၌ ဖော်ပြသည်။

၄င်းနိုင်ငံတို့အနေဖြင့် လေကြောင်းစွမ်းအင်တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိုလည်း အပြန်အလှန် ကူညီဆောင်ရွက်မည်ဖြစ်ကြောင်း စာချုပ်ချုပ်ဆိုထားပြီး ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘနာဇာဘူတိုအား လုပ်ကြံရန်ကြံစည်မှု၌ ပါဝင်သူ စွဲချက်မတင်ဘဲ သက်ဆိုင်ရာမှပြန်လွှတ်

အစ္စလမ္မာဘတ် ဇွန် ၂၀

ကွယ်လွန်သူ ပါကစ္စတန် ဝန်ကြီးချုပ်ဟောင်း ဘနာဇာဘူတိုအား လုပ်ကြံရန်ကြံစည်မှုတွင် အဓိကသင်္ကာမကင်းရှိသူ ကာရီဆေဖူလာအက်တာအား စွဲချက်တစ်စုံတစ်ရာ မတင်ဘဲ ဇွန်၁၉ရက်က ပြန်လွှတ်လိုက်သည်။

ကွယ်လွန်

လွန်ခဲ့သည့် အောက်တိုဘာလက ကရာချိမြို့၌ မီးစ်ဘူတိုအား ဗုံးခွဲတိုက်ခိုက်မှုတွင် ပါဝင်ခဲ့သည်ဟု မစ္စတာအက်တာအား စွပ်စွဲခဲ့သည်။ အဆိုပါဗုံးခွဲတိုက်ခိုက်မှုတွင် ၁၃၅ဦး သေဆုံးသော်လည်း မီးစ်ဘူတိုမှာ လွတ်မြောက်ခဲ့သည်။ သို့သော် ဒီဇင်ဘာလအတွင်း ရဝါပင်ဒီမြို့၌ လုပ်ကြံခံရပြီး မီးစ်ဘူတိုကွယ်လွန်သည်။

မစ္စတာအက်တာအား ပြီးခဲ့သည့် ရက်သတ္တပတ်က လွှတ်လိုက်သဖြင့် ပန်ဂျပ်ပြည်နယ်ရှိ ၄င်း၏ ဇာတိကျေးရွာသို့ ပြန်ရောက်လာပြီ ဖြစ်သည်။ **(အင်တာနက်)**

ဘော့စနီးယား၌ ရဟတ်ယာဉ်ပျက်ကျ ဥရောပတပ်ဖွဲ့ဝင် လေးဦးသေဆုံး

မက်ဒရစ် ဇွန် ၂၀

ဘော့စနီးယားနိုင်ငံ အနောက်မြောက်ပိုင်း ဘန်ဂျလူကာမြို့တွင် ဇွန်၁၉ရက်က ဥရောပငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် ရဟတ်ယာဉ်ပျက်ကျမှုဖြစ်ပွားခဲ့ရာ**(အပေါ်ပုံ)** လေးဦးသေဆုံးကြောင်း စပိန်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ပျက်ကျခဲ့သည့် ရဟတ်ယာဉ်မှာ စပိန်ကြည်းတပ်ပိုင် ဘီအို-၁၀၅ ရဟတ်ယာဉ်ဖြစ်သည်။ ရဟတ်ယာဉ်ပေါ်တွင် စပိန်လေယာဉ်မှူးနှစ်ဦးနှင့် ဂျာမနီတပ်ဖွဲ့မှ အရာရှိနှစ်ဦး စီးနင်းလိုက်ပါလာခဲ့ပြီး လိုက်ပါလာသူအားလုံး သေဆုံးသွားခဲ့သည်။ **(အင်တာနက်)**

တူရကီ၌ ဘိန်းဖြူများ ဖမ်းမိ

အန်ကာရာ ဇွန် ၂၀

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ ပန်ဒက်စ်ဆိပ်ကမ်းနှင့် အမ်ဘာလီဆိပ်ကမ်းမှ ဘိန်းဖြူ၁၀၂ဒသမ၈ကီလိုကိုတူရကီအကောက်ခွန်အရာရှိများက ဖမ်းဆီးနိုင်ခဲ့ကြောင်း အနာတိုလီသတင်းဌာနက ဇွန်၁၉ရက်၌ သတင်းထုတ်ပြန်သည်။

စစ်ဆေးရှာဖွေ

အမ်ဘာလီဆိပ်ကမ်းတွင် မူးယစ်စစ်ဆင်ရေးအဖြစ် ငါးဖမ်းစက်လှေ တစ်စင်းအား မူးယစ်တိုက်ဖျက်ရေးရဲတပ်ဖွဲ့မှ စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၆၂ဒသမ၄ကီလိုကို ဖမ်းဆီးနိုင်ခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဇင်ဘာဘွေအတိုက်အခံပါတီအမ်ဒီစီ ရွေးကောက်ပွဲမဝင်ရန်ဖိအားပေးခံရ

ဟာယာရေး ဇွန် ၂၀

ဇွန်၂၇ရက်တွင် ပြန်လည်ကျင်းပမည့် ဇင်ဘာဘွေသမ္မတရွေးကောက်ပွဲတွင် အတိုက်အခံပါတီ အမ်ဒီစီက ရွေးကောက်ပွဲ မဝင်တော့ရန် စဉ်းစားလျက်ရှိကြောင်းပါတီသတင်းရပ်ကွက်က ပြောဆိုသည်။

အတိုက်အခံပါတီကို ထောက်ခံသူများအားပိုမိုအကြမ်းဖက်လာနေသည်ဆိုသောသတင်းများကို ထောက်ရှုပြီး အမ်ဒီစီခေါင်းဆောင်ရှန်ဂီရိုင်းမှာ ရွေးကောက်ပွဲယှဉ်ပြိုင်မှုမှ နုတ်ထွက်ပေးရန် ဖိအားပေးမှုများ ခံလာရကြောင်း သတင်းရရှိသည်။

ဘရပ်ဆယ်၌ ထိပ်သီး အစည်းအဝေးကျင်းပသည့် ဥရောပသမဂ္ဂ(အီးယူ)က ဇင်ဘာဘွေ အာဏာပိုင်များအား ထပ်မံ ပိတ်ပင်အရေးယူရန် ခြိမ်းခြောက်လျက်ရှိသည်။

သမ္မတမူဂါဘီကမူ အကြမ်းဖက်မှုများ ပေါ်ပေါက်လာရခြင်းအတွက် အတိုက်အခံတို့ကို အပြစ်တင်ထားသည်။

(အင်တာနက်)

အာဖဂန်၌ လမ်းဘေးဗုံးပေါက်ကွဲ ဗြိတိသျှတပ်ဖွဲ့ဝင် လေးဦးသေဆုံး

ကဘူးလ် ဇွန် ၂၀

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟယ်မန်းပြည်နယ်၌ လမ်းဘေးဗုံးပေါက်ကွဲသဖြင့် နေတိုးဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့မှ ဗြိတိသျှတပ်ဖွဲ့ဝင် လေးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဇွန်၁၈ရက်က ညွန့်ပေါင်းတပ်ဖွဲ့မှ သတင်းထုတ်ပြန်သည်။

အဆိုပါ ဗြိတိသျှတပ်ဖွဲ့ဝင်များသည် ဇွန်၁၇ရက်က သယ်ယူပို့ဆောင်ရေးယာဉ်ဖြတ်သန်းစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ ၄င်းတို့မှာ အထူးထောက်လှမ်းရေးတပ်ဖွဲ့ဝင်များဖြစ်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

၂၀၀၁ခုနှစ်ကတည်းက အာဖဂန်နစ္စတန်၌ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ ဗြိတိသျှတပ်ဖွဲ့ဝင် ၁၀၆ဦးခန့် သေဆုံးလျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

အမ်အင်န်အေ၊ရိုက်တာ

ဘင်္ဂလားဒေ့ရှ်၌ ဘတ်စ်ကားမြစ်ထဲထိုးကျ

ဒါကာ ဇွန် ၂၀

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ပါဘင်နာ ဒေသ၌ ဇွန်၁၇ရက် ညနေပိုင်းကခရီးသည်တင် ဘတ်စ်ကားတစ်စီးသည် ဂျာမူနာမြစ်အတွင်း ထိုးကျခဲ့ရာ ခရီးသည်ရှစ်ဦး ပါသွားခဲ့ကြောင်းပြည်နယ်သတင်းဌာန (ယူအင်န်ဘီ)က သတင်းထုတ်ပြန်သည်။

ယင်းနေ့ညနေ ၅နာရီ၁၅မိနစ်က အရှိန်ဖြင့် မောင်းနှင်လာရာမှ ဘရိတ်ပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မိုဆူးလ်ရှိ နေအိမ်ဝင်စီးမှု စစ်သွေးကြွလေးဦးသေဆုံး

မိုဆူးလ် ဇွန် ၂၀

အီရတ်နိုင်ငံ မိုဆူးလ်ရှိ နေအိမ်တစ်အိမ်ကို ဇွန်၁၇ရက်က အမေရိကန်တပ်ဖွဲ့ဝင်များ ဝင်ရောက် စီးနင်းစဉ် မိသားစု တစ်စုထဲမှ သံသယရှိသူ စစ်သွေးကြွလေးဦး သေဆုံးပြီး အခြားလေးဦးကို ဖမ်းဆီးလိုက်ကြောင်း အမေရိကန်စစ်ဘက်နှင့် အီရတ်ရဲတပ်ဖွဲ့က ကြေညာသည်။

စီးနင်းတိုက်ခိုက်

စစ်သွေးကြွများက နေအိမ်မှ ထွက်ခွာရန် ငြင်းဆန်ပြီးနောက် အဆိုပါ နေအိမ်ကို စီးနင်းတိုက်ခိုက်ခြင်း ဖြစ်သည်။

အတိအကျမသိရ

ယင်းနေအိမ်ကို မည်သည့်အတွက် စီးနင်းတိုက်ခိုက်ရသည်ကို အတိအကျ မသိရဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပျက်စီး

အီရတ်နိုင်ငံ ဘဂ္ဂဒက် မြို့၌ ရဲတပ်ဖွဲ့ဝင်များ၏ စစ်ဆေးရေးဂိတ်အနီး ကားဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီးနောက် အပျက် အစီးများကို ဇွန်၁၉ရက်က တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့မြို့ကြီးအချို့၏ ရာသီဥတုအခြေအနေ

နယူးယောက် ဇွန် ၂၀

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှ ဇွန်၂၀ရက်က ထုတ်ပြန်ခဲ့သော မြို့ကြီးအချို့၏ ရာသီဥတုအခြေအနေကို အောက်ပါအတိုင်း သတင်းထုတ်ပြန်ထားသည် -

နိုင်ငံ	မြို့	အပူချိန်	ရာသီဥတုအခြေအနေ
တရုတ်	ပေကျင်း	၂၈°C	မိုးရွာ
ဂျပန်	တိုကျို	၂၆°C	မိုးရွာ
ထိုင်း	ဗန်ကောက်	၃၁°C	လေပြင်းတိုက်၊မိုးရွာ
ဩစတြေးလျ	ဆစ်ဒနီ	၁၇°C	မိုးရွာ
ပါကစ္စတန်	ကရာချိ	၃၂°C	တိမ်ထူထပ်
အီဂျစ်	ကိုင်ရို	၃၇°C	သာယာ
ရုရှား	မော်စကို	၂၂°C	သာယာ
ဂျာမနီ	ဖရန့်ဖွတ်	၂၅°C	တိမ်ထူထပ်
ပြင်သစ်	ပါရီ	၂၁°C	မိုးရွာ
ဗြိတိန်	လန်ဒန်	၂၀°C	တိမ်ထူထပ်
အမေရိကန်	နယူးယောက်	၂၃°C	တိမ်ထူထပ်

(အင်တာနက်)

အီကွေဒေါ်၌ ရေနံယိုဖိတ်မှုဖြစ်ပွား

အီကွေဒေါနိုင်ငံ အိုရီလာနာ ပြည်နယ်အရှေ့ပိုင်းရှိ ရေနံပိုက်လိုင်း ကျိုးပေါက်ရာမှ ရေနံယိုဖိတ်မှုများ ဖြစ်ပွားခဲ့ကြောင်း နိုင်ငံပိုင် ပတ်ထရို အီကွေဒေါ ရေနံကုမ္ပဏီက သတင်း ထုတ်ပြန်သည်။

ယင်းရေနံယိုဖိတ်မှုမှာ ဒါယူမာ ဒေသရှိ ချွံနွံတောအထိ စတုရန်းမီတာ ၄၀၀၀အထိပျံ့နှံ့သွားခဲ့ကြောင်း၊ရေနံ များပျံ့နှံ့မှု မရှိစေရန်နှင့် သဘာဝ ပတ်ဝန်းကျင် ပျက်စီးမှု လျော့နည်း စေရန်အတွက် ရေနံစုပ်ယူနိုင်သည့် အရန်အတားပစ္စည်းများဖြင့်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

မြန်မာ့အလင်း ပြည်ပသတင်းနောက်ဆုံးဖြစ်ရပ်များ ၂၀-၆-၂၀၀၈

ဗြိတိန်ရှိ ဒေသဆိုင်ရာရုံး၌ ကွန်ပျူတာခိုးယူခံရ

ဗြိတိန်အစိုးရ မဲဆန္ဒနယ်ရုံးတစ်ရုံးမှ ကွန်ပျူတာတစ်လုံးကို သူခိုးတစ်ဦးက ဖောက်ထွင်းခိုးယူသွားခဲ့ကြောင်း ယင်းရုံးလက်ထောက်က ဇွန် ၁၇ရက်တွင် ပြောကြားသည်။

မန်ချက်စတာမြို့ ဟာဇယ်လ်ဘလီးယားအရပ်ရှိ ဒေသဆိုင်ရာ မဲဆန္ဒနယ် ရုံးမှ လက်ထောက်က ယခုသီတင်းပတ်အတွင်း ကွန်ပျူတာတစ်လုံးသာ ဖောက် ထွင်း ခိုးယူခံရကြောင်း၊ ပြတင်းပေါက်ကိုရိုက်ခွဲပြီး ကွန်ပျူတာကို ယူဆောင် သွားခြင်းဖြစ်ကြောင်း ၄င်းက ပြောကြားသည်။

ကောက်ပဲသီးနှံစိုက်ပျိုးမှု၌ ဘရာဇီး ပိုမိုရင်းနှီးမြှုပ်နှံ

ဘရာဇီး အစိုးရအနေဖြင့် စားသောက် ကုန်ဈေးနှုန်း မြင့်တက်လာမှုကို ကာကွယ်နိုင်ရန် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ကောက်ပဲသီးနှံ စိုက်ပျိုးထုတ်လုပ်မှု၌ ပိုမိုရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ဘရာဇီးစိုက်ပျိုးရေးဝန်ကြီးဌာနက ပြောကြားသည်။

၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ကောက်ပဲသီးနှံစိုက်ပျိုး ထုတ်လုပ်မှုအတွက် အမေရိကန် ဒေါ်လာ ၄၉ ဘီလီယံ သတ်မှတ်ခွင့်ပြုခဲ့ရာ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်ကထက် လေးရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။

လျှင်ဒဏ်ခံစားခဲ့ရသူ ကိုယ်ဝန်ဆောင်အမျိုးသမီး ကလေးငယ်အောင်မြင်စွာ မွေးဖွား

ပြီးခဲ့သည့်မေ ၂ရက်က တရုတ် နိုင်ငံစီချွမ်ပြည်နယ်တွင်အင်အားပြင်း လျှင်လှုပ်ခဲ့စဉ် အဆောက်အအုံ ပျက်များအကြား နာရီ၅၀ကြာ ပိတ် မိခဲ့သည့် ကိုယ်ဝန်ဆောင် အမျိုးသမီး မှာ သမီးငယ်တစ်ဦးကို အောင်မြင် စွာ မွေးဖွားနိုင်ခဲ့ပြီ ဖြစ်သည်။

သမီးငယ်မှာ အလေးချိန် ၇ ပေါင် ၄ အောင်စရှိကာ မိခင်ရော ကလေးပါ ကျန်းမာရေး ကောင်းမွန် လျက်ရှိသည်။ ငလျင်ဒဏ် ခံစားခဲ့ရ စဉ်က သူမမှာ ကိုယ်ဝန် ရှစ်လရှိနေ ပြီး ကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များက အဆောက်အအုံပျက်များ အကြားမှ ခက်ခက်ခဲခဲ ကယ်တင်ခဲ့ရသည်။

ဘဝအမောပြေ

အသံတိတ် နှိုးလိုက်ပုံက . . .

ဇနီးမောင်နှံနှစ်ဦးသည် စိတ်အခန့်မသင့်ဖြစ်ကာ စကားမပြောဘဲ ခပ် တန်းတန်းနေကြလေသည်။ ထိုသို့ ခပ်စိမ်းစိမ်း အနေအထားဖြင့် တစ်ပတ် ခန့်ကြာသောအခါ ခင်ပွန်းဖြစ်သူသည် စီးပွားရေးကိစ္စနှင့် လေယာဉ်စီး၍ ခရီး ထွက်ရန် နံနက်ငါးနာရီ အိပ်ရာမှထရန် လိုအပ်လာလေသည်။ သူ၏ နှိုးစက်မှာပျက်နေပြီး သူ့ကိုနှိုးရန် ဇနီးသည်အား ပြောဖို့လိုအပ်မှန်း စိတ် မသက်သာစွာ သိမြင်လာမိသည်။

ခင်ပွန်းသည်သည် ဇနီးဖြစ်သူနှင့် ခပ်တန်းတန်းဖြစ်နေမှုကို သူက စပြီး အလျှော့မပေးလိုသဖြင့် အောက်ပါအတိုင်း စာတစ်စောင်ရေးလိုက် ပြီး ထိုစာကို ဇနီးသည် အိပ်ရာမဝင်မီ သူမ မြင်သာသော ခေါင်းအုံးပေါ်သို့ တင်ထားပေးလေသည်။

ခင်ပွန်း ။ ။ငါလေယာဉ်စီးပြီး ခရီးထွက်ရမှာမို့ မနက်ဖြန်နံနက် ငါးနာရီမှာ ငါ့ကို နှိုးပေးပါ။

နောက်နေ့နံနက် သူအိပ်ရာမှနိုးသောအခါ နံနက် ၉နာရီထိုးနေသည်ကို သိလိုက်ရပြီး ဇနီးသည်၏အသံကိုမူ မီးဖိုချောင်ထဲတွင် ရှိနေမှန်း ကြားနေရ သည်။ သူ လေယာဉ်မမီလိုက်တော့ပေ။ ထို့နောက် သူ၏ခေါင်းအုံးပေါ်တွင် စာတစ်စောင်တင်ထားသည်ကိုလည်း သတိပြုမိသဖြင့် ယူ၍ဖတ်ကြည့် ရာ…

ဇနီး ။ ။ငါးနာရီထိုးပြီ၊ ထတော့

ခင်ပွန်း ။ ။“ဟိုက်-သေပါတော့ကွာ”

လောင်စာဈေးနှုန်း မြင့်တက်မှုကြောင့် အဲကနေဒါလေကြောင်းလိုင်း ဝန်ထမ်းလျှော့ချမည်

ကနေဒါနိုင်ငံ၏အကြီးဆုံး လေကြောင်းလိုင်းဖြစ်သည့် အဲကနေဒါ လေကြောင်းလိုင်းအနေဖြင့် လောင်စာဆီဈေးနှုန်း မြင့်တက်လာမှုကြောင့် ငွေကြေးလည်ပတ်မှုဆိုင်ရာ အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ဝန်ထမ်း ၂၀၀၀ ကျော်ကို လျှော့ချမည်ဖြစ်သည်။ အလုပ်အကိုင်လျှော့ချမှုကို နိုဝင်ဘာ ၁ရက်မှ စတင်မည်ဖြစ်ပြီး လေကြောင်းလိုင်းတစ်ခုလုံး အသုံးစရိတ်၏ ၃၀ရာခိုင်နှုန်းမှာ လောင်စာဆီ အသုံးပြုမှုဖြစ်သဖြင့် ကုန်ကျစရိတ် အမြင့် မားဆုံးဖြစ်ကြောင်း အဲကနေဒါလေကြောင်းလိုင်း ဥက္ကဋ္ဌက ပြောကြားသည်။

နံနက်စာ နေ့စဉ်အဝစားခြင်းဖြင့် ခန္ဓာကိုယ်အလေးချိန်လျှော့ကျစေနိုင်

ဆန်ဖရန်စစ္စကို ဇွန် ၂၀

နံနက်ခင်းစာ ပုံမှန်အဝစားသုံးခြင်းသည် ကိုယ်အလေးချိန်ကိုလျှော့ကျ စေနိုင်ကြောင်း (ယာပုံ)၊ နံနက်စာသည် တစ်နေ့တာအတွက်အရေးကြီးသော အစားအစာဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

နံနက်ခင်းစာ အစားနည်းသောသူများသည် နေ့လယ်စာနှင့်ညနေစာတွင် အစာပို၍ စားသုံးတတ်လေ့ရှိကြောင်း၊ ယင်းအတွက် အဝလွန်မှုကို ဖြစ်စေနိုင် ကြောင်း အမေရိကန်သုတေသနပညာရှင် ဒေါက်တာဒန်နီရယ် ဂျာကူဘိုဝစ်က ပြောကြားသည်။



အဆာခံ

နံနက်စာ များများစားသုံးသော သူများသည် အဆာခံစေသဖြင့် ခန္ဓာကိုယ် အဆီဖြစ်မှု လျော့ကျလာနိုင်ကြောင်း ဗြိတိသျှသုတေသန ပညာရှင်တစ်ဦးက ပြောကြားသည်။

လွန်ခဲ့သော ၁၅နှစ်က လူနာ၁၅ဦးအား နံနက်စာ အဝစားခြင်းဖြင့် ကျန်းမာရေးအတွက်တိုးတက်ကောင်းမွန်လာကြောင်း၊ အဆီများလည်း ကျစေ နိုင်ကြောင်း ဗားဂျီးနီးယားနေသဟာယတက္ကသိုလ်မှ ဒေါက်တာဂျာကူဘိုဝစ်က ပြောကြားသည်။

များပြား

ယင်းနေ့စဉ်စားသုံးသော အစားအစာများတွင် ကယ်လိုရီဓာတ် ၁၀၈၅ ကယ်လိုရီပါဝင်သည်။ ယင်းကယ်လိုရီတွင် အဆီနှင့်ပရိုတိန်းဓာတ်ပါဝင်မှု များပြားသည်။

ကယ်လိုရီသည် အဆီနှင့်ပရိုတိန်းဓာတ်ကိုလျှော့ကျစေနိုင်သည်။ နံနက်စာ များများစားလျှင် ကီလိုကယ်လိုရီ ၁၂၄၀အထိရှိသည်။ ယင်းကယ်လိုရီသည် ခန္ဓာကိုယ်ရှိ ကာဗွန်ဟိုက်ဒြိတ်နှင့် ပရိုတိန်းဓာတ်ကို လျှော့ကျစေနိုင်သည်။ ယင်းတို့လျှော့ကျသဖြင့် ကိုယ်အလေး ချိန်ကို လျှော့ကျစေနိုင်သည်ဟု ဆိုသည်။ (အင်တာနက်)

အင်တာနက်ကျန်းမာရေး

သူတို့ အတွေးနှင့်အမြင်

* *Who marries for love without money has merry nights and sorry days.*
ငွေမရှိဘဲ အချစ်အတွက် လက်ထပ်သူသည် ပျော်ရွှင်ဖွယ်ညများ၊ စိတ်ညစ်စရာ နေ့ရက်များနှင့် တွေ့ကြုံရမည်။
ဂျိုးဇက်ပရက်စလေ (အင်္ဂလိပ်လူမျိုးအတွေးအခေါ်ပညာရှင်)

* *Life has a way of overgrowing its achievements as well as its ruins.*
ဘဝ၌ အောင်မြင်မှုများရရှိနိုင်သည့် နည်းလမ်းရှိသကဲ့သို့ ဆုံးရှုံး သည်ထက် ဆုံးရှုံးရသည့် နည်းလမ်းလည်းရှိသည်။
အီဒစ်ဝှါတန် (အမေရိကန်လူမျိုးစာရေးဆရာမ)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ
တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ငြိမ်းချမ်းရေး ထိန်းသိမ်းသည့် ဂါနာသမ္မတနိုင်ငံ

သတင်းအက်ဆေး

ဂါနာသမ္မတနိုင်ငံသည် အနောက် အာဖရိကတောင်ဘက် ကမ်းခြေဒေသ တွင် တည်ရှိသည်။ ဥရောပတိုက် သားများ ကုန်ရောင်း ကုန်ဝယ်ရန် ပထမဆုံးရောက်ရှိလာသည့် ဆာဟာ ရ တောင်ပိုင်း အာဖရိကနိုင်ငံဖြစ် သည်။ ပထမတွင် ရွှေရောင်းဝယ်ပြီး နောက်ပိုင်း၌ ကျွန်ကုန်ကူးကြသည်။ ဤနိုင်ငံသည် ဗြိတိသျှကိုလိုနီ ထမ်း ပိုးအောက်မှ ပထမဆုံးလွတ်မြောက် သည့် လူမည်းအာဖရိကနိုင်ငံလည်း ဖြစ်သည်။

၁၄၈၂ခုနှစ်တွင် ပေါ်တူဂီတို့ ကုန်သွယ်ရေး စခန်းတစ်ခု လာ ရောက် ဖွင့်လှစ်သည်။ ၁၈၇၄ ခုနှစ် တွင် ဤနိုင်ငံကမ်းခြေကို ဗြိတိသျှ အစိုးရက တိုက်ရိုက် အုပ်ချုပ်သည့် ကိုလိုနီအဖြစ် ကြေညာသည်။

ရွေးချယ်တင်မြှောက်

၁၉၅၇ ခုနှစ်တွင် ဂါနာနိုင်ငံ လွတ်လပ်ရေးရရှိသည်။ နဂရူးမား ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၆၀ ပြည့်နှစ်တွင် ဂါနာ သမ္မတနိုင်ငံ အဖြစ် ကြေညာပြီး နဂရူးမားအား သမ္မတအဖြစ် ရွေးချယ်တင်မြှောက် သည်။ ၁၉၆၄ခုနှစ်တွင် တစ်ပါတီ စနစ် ကျင့်သုံးသည့် နိုင်ငံဖြစ်လာ သည်။ ၁၉၆၆ခုနှစ်တွင် သမ္မတ နဂ ရူးမားကို စစ်တပ်က အာဏာသိမ်း လိုက်ပြီး ရုရှားနှင့် တရုတ်ကျွမ်းကျင် သူများကို နှင်ထုတ်သည်။ ၁၉၆၉ ခုနှစ်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေ သစ်ပြဋ္ဌာန်းပြီး ကိုဖီဘူစ္စရား ဦးဆောင် သည့် အရပ်သားအစိုးရထံ အာဏာ လွှဲလိုက်သည်။

၁၉၇၂ခုနှစ်တွင် ဗိုလ်မှူးကြီး အာ ချင်းပုန် ဦးဆောင်သည့် စစ်တပ်က အာဏာသိမ်းသည်။ ၁၉၇၈ခုနှစ်တွင် ဗိုလ်ချုပ်ကြီး ဖရက်ဒရစ်အကပ်ဖိုက အာဏာ သိမ်းလိုက်ပြန်သည်။ ၁၉၇၉ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးအကပ်ဖိုအား လေတပ်ဗိုလ်မှူးကြီးဂျယ်ရီရောလင်းက ဖြုတ်ချ အာဏာသိမ်းသည်။ ထို့နောက် ဗိုလ်မှူးကြီးအာချင်းပုန်နှင့်ဗိုလ်ချုပ်ကြီး အကပ်ဖိုတို့အား အဂတိလိုက်စားမှုဖြင့် ကွပ်မျက်ပစ်သည်။ ၁၉၇၉ ခုနှစ်တွင် ရောလင်းက ရွေးချယ်တင်မြှောက်ခံ ရသည့် သမ္မတ ဟေလာလီမန်းထံ အာဏာလွှဲပေးသည်။ အုပ်ချုပ်ရေးညံ့ ဖျင်းပြီး စီးပွားရေးမဖွံ့ဖြိုးသည့်အတွက် နှစ်နှစ်အကြာ ၁၉၈၁ခုနှစ်တွင် ရော လင်း ဦးဆောင်ပြီး သမ္မတလီမန်းအား ဖြုတ်ချ အာဏာသိမ်းသည်။ ၁၉၈၃ ခုနှစ်တွင် ရောလင်းက စီးပွားရေးပြု ပြင်မှုများ ပြုလုပ်သည်။ ၁၉၉၂ခုနှစ် တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ရေး ဆွဲပြီး ပါတီစုံစနစ် ကျင့်သုံးသည်။ ရောလင်းမှာ သမ္မတအဖြစ် ရွေးချယ် တင်မြှောက်ခံရသည်။ ၁၉၉၆ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ရောလင်း ထပ်မံ ရွေးချယ်ခံရသည်။

၁၉၉၇ခုနှစ်တွင် ဂါနာနိုင်ငံသား ကိုဖီအန်နန်သည် ကုလသမဂ္ဂ အတွင်း ရေးမှူးချုပ်အဖြစ် ရွေးချယ်ခံရသည်။ ၂၀၀၆ခုနှစ်အထိ သက်တမ်းနှစ်ခုကြာ မြင့်သည်။

ပြန်လည်ရုပ်သိမ်း

၂၀၀၀ပြည့်နှစ် ဒီဇင်ဘာလသမ္မတ ရွေးကောက်ပွဲတွင်ဂျွန်ကူဖူအာ သမ္မတ ဖြစ်လာသည်။ ၂၀၀၄ခုနှစ် ဒီဇင်ဘာ သမ္မတရွေးကောက်ပွဲ၌ ထပ်မံရွေးချယ် ခံရသည်။ ၂၀၀၂ခုနှစ်ဧပြီလတွင်နိုင်ငံ မြောက်ပိုင်း လူမျိုးရေး ပဋိပက္ခဖြစ်ပွား သဖြင့် လူမျိုးစုအကြီးအကဲနှင့် လူ ၃၀ကျော် အသတ်ခံရသည်။ အရေး ပေါ် အခြေအနေ ကြေညာရသည်။ ၂၀၀၄ခုနှစ် ဩဂုတ်လတွင် အရေး ပေါ်အခြေအနေ ပြန်လည်ရုပ်သိမ်း သည်။

၂၀၀၃ခုနှစ်အောက်တိုဘာလတွင် ရွှေတူးဖော်ရေးကုမ္ပဏီနှစ်ခုကို တစ်ခု တည်းသောကုမ္ပဏီကြီးအဖြစ်ပူးပေါင်း လိုက်သည်။ ၂၀၀၄ခုနှစ် အောက်တို ဘာလတွင် ရွေးကောက် ပွဲမတိုင်မီ မတည်မငြိမ်ဖြစ်အောင် ကြိုးပမ်းမှု ဖြင့် စစ်ဘက် ခေါင်းဆောင်များကို ထိန်းသိမ်းလိုက်သည်။ ၂၀၀၇ ခုနှစ် မတ်လတွင် ဂါနာနိုင်ငံ ဗြိတိသျှ လက်အောက်မှ လွတ်လပ်ရေးရသည့် နှစ်(၅၀)မြောက် အထိမ်းအမှတ်ပွဲ ကျင်းပသည်။ ထိုနှစ် ဇွန်လတွင် ကမ်း လွန် ရေနံ သိုက်ရှာဖွေတွေ့ရှိသည်။ ဂါနာနိုင်ငံကို အာဖရိကနိုင်ငံအဖြစ် ပြောင်းလဲပစ်မည်ဖြစ်ကြောင်း သမ္မတ ကူဖူအာက ကြေညာသည်။ ထို့နှစ် ဒီဇင်ဘာလ၌ ကမ်းလွန်ရေနံသိုက်တွင် စုစုပေါင်း စည်သုံးဘီလီယံရှိကြောင်း ထုတ်ပြန်ကြေညာသည်။

အာဏာလွှဲအပ်

သမ္မတ ဂျွန်ကူဖူအာသည် အချိန် ကြာမြင့်စွာ နိုင်ငံကို ခေါင်းဆောင် လာသူ ရောလင်းထံမှ အာဏာလွှဲယူ လာသူဖြစ်သည်။ ယင်းမှာ ပြည်သူက ရွေးချယ် တင်မြှောက်သည့် သမ္မတ တစ်ဦးထံမှ ပြည်သူက ရွေးချယ်တင် မြှောက်သူ နောက်တစ်ဦးထံသို့ ပထမ ဆုံးအကြိမ် ငြိမ်းချမ်းစွာ အာဏာ လွှဲ အပ်ခြင်းဖြစ်သည်။

သမ္မတဂျွန်ကူဖူအာသည် စီးပွား ရေး ဖွံ့ဖြိုးတိုးတက်ရေးကို ထိပ်တန်း ဦးစားပေး လုပ်ငန်းအဖြစ် သတ်မှတ် အကောင်အထည်ဖော်သူ ဖြစ်သည်။ ပထမသမ္မတ သက်တမ်းအတွင်းတွင် ငွေကြေးဖောင်းပွမှု သိသိသာသာ လျော့နည်း ကျဆင်း သွားအောင် ဆောင်ရွက်နိုင်သည်။ ထို့ပြင် ဒေသ တွင်းပဋိပက္ခများကိုဦးဆောင်ကဏ္ဍမှ စေ့စပ် ဖြေရှင်းပေးနိုင်သည့် နိုင်ငံ အကြီးအကဲလည်း ဖြစ်သည်။

ဂါနာနိုင်ငံသည် သဘာဝတွင်း ထွက် သယံဇာတများ ပေါများပြီး ပညာရေး စနစ်ကောင်းမွန်မှု ပြည်သူ့ ဝန်ထမ်းအင်အား အလုံအလောက်ရှိ သည့်ကြားမှပင် ၁၉၅၇ခုနှစ် လွတ် လပ်ရေးရရှိပြီး မကြာမီတွင် အဂတိ လိုက်စားမှုနှင့် စီမံခန့်ခွဲမှု ညံ့ဖျင်းမှု တို့၏ အကျိုးဆက်တို့ ခါးသည်းစွာ ခံခဲ့ရသည်။

ဂါနာနိုင်ငံ၏ ပထမဆုံးသမ္မတ နှင့် အာဖရိကတိုက်လုံးဆိုင်ရာ သူရဲ ကောင်း သမ္မတ နဂရူးမားအား ၁၉၆၆ ခုနှစ်တွင် စစ်တပ်က အာဏာသိမ်းပြီး နောက် နှစ်ပေါင်းများစွာ စစ်တပ် အုပ်ချုပ်မှုအောက် ရောက်ခဲ့ရသည်။ လေတပ်ဗိုလ်မှူးကြီးရောလင်း ဒုတိယ အကြိမ် အာဏာသိမ်းပြီးနောက် တိုင်းပြည်လည်း စီးပွားရေးတည်ငြိမ် မှုနှင့် ဒီမိုကရေစီစနစ်သို့ စတင် ဦးတည်နိုင်တော့သည်။

ထို့ပြင် ယခုအခါတွင် ဂါနာ သမ္မတနိုင်ငံသည် ငြိမ်းချမ်းရေးထိန်း သိမ်းမှုတွင် လေးစားလောက်သည့် အခန်းကဏ္ဍမှပါဝင်ဆောင်ရွက်လျက် ရှိပါကြောင်း။ ။

ကိုးကား အင်တာနက်

တိုးရေးသားသည်

ဇဟန်းမြို့နယ် ကြားတောရလမ်းရှိ မဟာဇေယျအတုလမာရဇိန် ကြေးသွန်းဘုရားကြီး၏ ထုပိကာ၊ ကလပ်နှင့် ကြာပတ်များ ပြန်လည်ပြုပြင်ရန်အတွက် ဒေါက်တာဝင်းမြင့်-သီဟသုဓမ္မသီဂီ ဒေါ်ခိုင်ခိုင်ဦးနှင့်သားများ (မြတ်မေတ္တာကုမ္ပဏီ) က အလှူငွေကျပ် ၁၅ သိန်း ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမြင့်သိန်းနှင့် အဖွဲ့က လက်ခံယူစဉ်။ (က-ပ)

ဗုဒ္ဓဘာသာ ပစ္စည်းလေးပါးထောက်ပံ့ရေးအဖွဲ့က ငွေကျပ်၁၂၅သိန်းတန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများလှူဒါန်း

ရန်ကုန် ဇွန် ၂၀

ဗုဒ္ဓဘာသာ ပစ္စည်းလေးပါးထောက်ပံ့ရေးအဖွဲ့မှ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့်နှင့် သီဟသုဓမ္မမဏိဇောတဓရ ရွှေမြင်တင်ဦးညိုတို့ ဦးဆောင်သော အဖွဲ့ဝင်များသည် ဇွန် ၁၄ ရက်က ဒေးဒရဲမြို့ မင်္ဂလာကံကျောင်းတိုက်ရှိ ပင့်သံဃာတော်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ကွယ်လွန်သွားရှာကြသော လေဘေးသင့်ပြည်သူများအတွက် အမျှပေးဝေကြသည်။

အလှူငွေများပေးအပ်လှူဒါန်း

ထို့နောက်ဇေယျာသီရိန်ထန်းတောကျောင်းနှင့် မြို့နယ်ပြည်သူ့ဆေးရုံကြီးအတွက် အလှူငွေများကိုလည်းကောင်း၊ ဆေးဝါးကုသမှုခံယူနေသည့် လေဘေးသင့်လူနာများနှင့် ဝါးခမယ်ရွာနှင့် အကယ်ကြီးကျေးရွာတို့မှ လေဘေးသင့်ပြည်သူများကိုလည်းကောင်း ငွေနှင့်ထောက်ပံ့ရေးပစ္စည်း တန်ဖိုးစုစုပေါင်းငွေကျပ် ၁၂၅သိန်းကို လှူဒါန်းခဲ့ကြသည်။

ထောက်ပံ့ရေးပစ္စည်းများ

အလားတူ မြောင်းမြမြို့ရှိ လေဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၆၂သိန်း၊ လပွတ္တာမြို့ရှိ လေဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၂၃၀နှင့် ဘိုကလေးမြို့ လေဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၁၂၀တန်ဖိုးရှိ ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများကိုလည်း ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ပုပ္ပား(၂) မိုးကုတ်ရိပ်သာ ၁၀ရက် တရားစခန်းပွဲ

ရန်ကုန် ဇွန် ၂၀

မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ပုပ္ပား(၂) မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ လစဉ်တရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ ယခု(၁၆၄)ကြိမ်မြောက် တရားစခန်းပွဲကို (၁၃၇၀ ပြည့်နှစ် နယုန်လပြည့်ကျော် ၃ရက်) ဇွန် ၂၁ရက် (စနေနေ့) ညနေအရောက် ယောဂီများ လာကြရမည်ဖြစ်သည်။

တရားစခန်းပွဲကို ပုပ္ပား(၂)မိုးကုတ်ဝိပဿနာဓမ္မရိပ်သာဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ-LL.B)၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား(၃) မိုးကုတ်ဝိပဿနာဓမ္မရိပ်သာဆရာတော် ဘဒ္ဒန္တဇာဂရ (ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ)တို့က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားကြမည်ဖြစ်ရာ ယောဂီများ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၆၉၀၀၅၉သို့ဖြစ်စေ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၂၁-၆-၂၀၀၈ ရက် (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၂။ ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ အကပြိုင်ပွဲ
၇:၅၅ ၆။ ကဗျာပန်းဥယျာဉ်
၈:၁၅ ၇။ တေးဂီတအစီအစဉ်
၈:၃၀ ၈။ International News
၉:၀၀ ၉။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၅၅ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၁၅ ၅။ ၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ (အပိုင်း-၁)
၁၃:၀၅ ၆။ ၂၀၀၆ ခုနှစ် ဇူလိုင် ၃ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ (အပိုင်း-၂)
၁၄:၃၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄:၄၅ ၈။ International News
၁၅:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄:၂၅ ၃။ တေးဂီတအစီအစဉ်
၄:၄၀ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄:၅၀ ၅။ မြန်မာ့စလေ့ရိုးရာလက်ဝှေ့
၅:၁၀ ၆။ ချစ်စရာ့အရွယ်ကစားကြမယ်
၅:၃၀ ၇။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
၆:၀၀ ၈။ ညနေခင်းသတင်း
၆:၃၀ ၉။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၀။ အလှရှာမယ် လှကမ္ဘာဝယ်
၇:၀၀ ၁၁။ စွမ်းဆောင်ရည်မြင့်မား မြန်မာအမျိုးသမီးများ (အပိုင်း-၁)
၇:၁၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **'ရွှေမင်းသားလေးချစ်ပုံပြင်'** အပိုင်း(၆)
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **'မာယာထောင်ချောက်'** (အပိုင်း-၃၁)

မုံရွာ-ခန္တီး အမြန်ရေယာဉ်ခရီး လမ်းသစ်ပြေးဆွဲမည်

ရန်ကုန် ဇွန် ၂၀

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ချင်းတွင်းဌာနခွဲသည် မိုးရာသီ ချင်းတွင်းမြစ်ရေတိုးလာပြီဖြစ်သဖြင့် နှစ်စဉ်ပြေးဆွဲနေကျဖြစ်သော မုံရွာ-ခန္တီး အမြန်လမ်းကို သလ္လာဝတီ အမျိုးအစား အမြန်ရေယာဉ်ကြီးများဖြင့် ဇွန် ၂၈ ရက်မှစ၍ ယခင်နှစ်များနည်းတူ ပြေးဆွဲသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

မြန်မာ့အလင်း မိုးလေဝသသတင်း

ကမ်းရိုးတန်းဒေသ၌ မိုးသက်လေပြင်း ကျရောက်နိုင်

သန်းသန်းနု ကိုးကားတင်ပြသည်

ရန်ကုန် ဇွန် ၂၀

မိုးလေဝသအခြေအနေကို လေ့လာဆန်းစစ်ကြည့်ရာ ဇွန် ၂၀ရက်က ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ် မိုးရွာခဲ့သည်။ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့ပြီး ချင်းပြည်နယ်၊ကယားပြည်နယ်တို့၌ နေရာကွက်ကျားမိုးရွာခဲ့သည်။ ရှမ်းပြည်နယ်၊ကရင်ပြည်နယ်၊စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့်မကွေးတိုင်းတို့တွင် နေရာကျဲကျဲမိုးရွာပြီး ကျန်ဒေသများ၌ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့သည်။

မှတ်သားဖွယ် မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

နေပြည်တော်	-	၁ ဒသမ ၁၈ လက်မ
သထုံ	-	၃ ဒသမ ၄၂ လက်မ
ကျောက်တော်	-	၃ ဒသမ ၁၉ လက်မ
မြစ်ကြီးနား	-	၃ ဒသမ ၀၇ လက်မ
မော်လမြိုင်	-	၂ ဒသမ ၁၃ လက်မ
စစ်ကိုင်း	-	၂ ဒသမ ၀၄ လက်မ
မောင်တော	-	၁ ဒသမ ၉၃ လက်မ
ရန်ကုန်(ကမ္ဘာအေး)	-	၁ ဒသမ ၈၁ လက်မ

ကပ္ပလီပင်လယ်ပြင်တွင်မုတ်သုံလေအားနည်းနေပြီးဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

ဇွန် ၂၁ ရက် **(ယနေ့)** အတွက် မိုးလေဝသခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာအနှံ့အပြား မိုးရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ် မိုးရွာနိုင်သည်။ ကျန်ဒေသများတွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။



လှိုင်းကြီးနိုင်

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။

ဇွန် ၂၁ရက် **(ယနေ့)**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်ပြီး ရန်ကုန်မြို့အနီးတစ်ဝိုက် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်ကြောင်း ရာသီဥတုဖြစ်စဉ်ကို ခန့်မှန်းဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်။

မြန်မာ့အလင်း အင်တာနက်သဘာဝဘေးအန္တရာယ် ဖောင်ပိတ်သတင်း

ရုရှား၌ လေပြင်းတိုက်၊ မိုးသည်းထန် အိမ်များရေလွှမ်း၊ ဓာတ်အားပြတ်တောက်

ဖော်ရိုဂရက် ဇွန် ၂၀

ရုရှားနိုင်ငံ အရှေ့မြောက်ပိုင်း ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော အက်ထရာခန်မြို့၌ ဇွန် ၂၀ ရက် နံနက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ နေအိမ် ၃၀၀ ခန့် ရေလွှမ်းမှုဖြစ်ပွားခဲ့ကြောင်း ရုရှားနိုင်ငံ အရေးပေါ်ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ဖော်ပြ

ထိုသို့ မိုးသည်းထန်စွာ ရွာသွန်းသည့်အပြင် လေပြင်းများတိုက်ခတ်မှုကြောင့် ဓာတ်အားတိုင်များပြိုလဲကာ **(ဝဲပုံ)** ဓာတ်အားပြတ်တောက်မှု ဖြစ်လျက်ရှိပြီး အက်ထရာခန်မြို့ လမ်းများ ၇၀ ရာခိုင်နှုန်း ရေလွှမ်းနေကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် နေအိမ်များပျက်စီးခဲ့ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ဂျပန်၌ မြစ်ရေလျှံနိုင်မှု သတိပေးချက်ထုတ်ပြန်

တိုကျို ဇွန် ၂၀

ဂျပန်နိုင်ငံတွင် မကြာမီက လှုပ်ခဲ့သော မြေငလျင်များကြောင့် လာမည့်ရက်အနည်းငယ်အတွင်း မြစ်ရေလျှံမှုများ ဖြစ်ပေါ်နိုင်ကြောင်း ဂျပန် မိုးလေဝသဌာနမှ ဇွန်၂၀ရက်၌ သတင်းထုတ်ပြန်သည်။

သတိပေး

ထိုသို့ မြစ်ရေလျှံမှုများ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားကြရန်နှင့် ဂျပန်နိုင်ငံအတွင်း၌ မြစ်များရှိ ရေကာတာနှင့် ဆည်များကိုလည်း ကြိုတင်ကာကွယ်ထိန်းသိမ်းမှုများ ပြုလုပ်ထားကြရန် သတိပေးထားသည်။

ဖိလစ်ပိုင်၌ ဖန်ရှန်အမည်ရှိ မုန်တိုင်းတိုက်ခတ် ရေလွှမ်းမှု၊ မြေပြိုမှုတို့ဖြစ်ပွားပြီး နေအိမ်များပျက်စီး

မနီလာ ဇွန် ၂၀

ဖိလစ်ပိုင်နိုင်ငံ အနောက်မြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများသို့ ဇွန် ၂၀ရက် ညနေ ၅ နာရီက ဖန်ရှန်အမည်ရှိ မုန်တိုင်း ဖြတ်သန်းတိုက်ခတ်ခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံ မိုးလေဝသဗျူရိုက သတင်းထုတ်ပြန်သည်။

အဆိုပါ ဖန်ရှန်မုန်တိုင်းသည် တစ်နာရီလျှင် မိုင် ၆၀နှုန်း တိုက်ခတ်ခဲ့ရာ ဖိလစ်ပိုင်အလယ်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှု **(အောက်ပုံ)** နှင့် မြေပြိုမှုများဖြစ်ပွားခဲ့သည်။ ထို့အပြင် နေအိမ်များပျက်စီးခဲ့ပြီး ဖိလစ်ပိုင်ကမ်းလွန်တွင် ၁၀ပေခန့်မြင့်သော ရေလှိုင်းများ ဖြစ်ပေါ်ခဲ့သည်။

ဖန်ရှန်မုန်တိုင်းသည် ဖိလစ်ပိုင်နိုင်ငံ လူဇုန်ကျွန်း အရှေ့ပိုင်းသို့ ဦးတည်တိုက်ခတ်သွားကြောင်း ဖိလစ်ပိုင်နိုင်ငံ မိုးလေဝသဗျူရိုကထုတ်ပြန်သောသတင်း၌ ဖော်ပြသည်။

စုစည်းတင်ပြသူ- မောင်မောင်မြင့်ဆွေ

● ရှေ့ဖုံးမှ

လိုအပ်သည်များမှာကြား

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ပြည်လမ်း အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ ရှေ့ရှိ ပုဂ္ဂလိကပိုင် ခြံအမှတ်(၈)ရှေ့သို့ ရောက်ရှိရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ခြံဝင်းအတွင်း၌ အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်မှ တပ်မတော်သားများက မုန်တိုင်းဒဏ်ကြောင့် ပြိုလဲသွားသောသစ်ပင်များအား စက်လွှများဖြင့်ဖြတ်တောက်ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ဦးဝိစာရလမ်းရှိ မြို့မ အားကစားကွင်းသို့ ရောက်ရှိကြပြီး ကွင်းအတွင်း၌ စုပုံထားသည့် သစ်ကိုင်းသစ်ခက် အမှိုက်သရိုက်များအား အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်မှ တပ်မတော်သားများက စက်ယန္တရားများဖြင့် အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးကာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တာဝန်ရှိသူများအား အမှိုက်များရှင်းလင်းပြီးစီးပါက ကွင်းအတွင်း၌ မြေသားပြန်လည်ပြုပြင်မှုလုပ်ငန်းများကို စက်ယန္တရားများဖြင့် ဆောင်ရွက်ရေး၊ ပြိုလဲနေသော ပြန်လည်ရှင်သန်နိုင်သည့် သစ်ပင်များအား ပြန်လည်တည့်မတ်စိုက်ပျိုးရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ရွှေတိဂုံဘုရားလမ်းသို့ ရောက်ရှိကြပြီး နိုင်ငံတော်ပိုင် အဆောက်အအုံဝင်းအတွင်း၌ အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်မှ တပ်မတော်သားများကပြန်လည်ရှင်သန်နိုင်သည့် ပြိုလဲနေသော သစ်ပင်ကြီးများအား ဝန်ချီစက်ဖြင့်ဆွဲမ၍ပြန်လည်တည့်မတ်စိုက်ပျိုးနေမှု၊ ပြိုလဲနေသည့် သစ်ပင်များအား အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှု၊ ပြန်လည်ရှင်သန်နိုင်သည့် ပြိုလဲသစ်ပင်ကြီးများ ပြန်လည်တည့်မတ်စိုက်ပျိုးပြီးစီးမှုများကိုကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တာဝန်ရှိသူများအား ပြိုလဲမည့် အန္တရာယ်ရှိနေသည့် ခြောက်သွေ့နေသော သစ်ပင်ကြီးအား စက်ယန္တရားအသုံးပြု၍ ဖယ်ရှားရှင်းလင်းရေး၊ ပြန်လည်ရှင်သန်နိုင်သည့်ပြိုလဲသစ်ပင်များ ပြန်လည်တည့်မတ် စိုက်ပျိုးရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ ရောက်ရှိကြရာ တိရစ္ဆာန်ဥယျာဉ်များဌာန ညွှန်ကြားရေးမှူး ဦးမြတ်ငြိမ်းက လေမုန်တိုင်းဒဏ်ကြောင့် တိရစ္ဆာန်ဥယျာဉ်အတွင်း ထိခိုက်ပျက်စီးဆုံးရှုံးမှု၊ တိရစ္ဆာန်ဥယျာဉ်ဝင်းအုတ်တံတိုင်းများပြန်လည်ပြုပြင်ပြီးစီးမှု၊ ပြိုလဲလှောင်အိမ်ခတ်တိုင်နှင့် ခတ်ကြိုးများ ပြန်လည်ပြင်ဆင်ပြီးစီးမှု၊ ရေရရှိမှုနှင့် အဆောက်အအုံများ ပြန်လည်ပြုပြင် ပြီးစီးမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တိရစ္ဆာန်ဥယျာဉ်ရှိ တိရစ္ဆာန်များ၏ ကျန်းမာရေးကို အလေးထား ဆောင်ရွက်ရန်နှင့် လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဘာဂီယာဉ်ငယ်များဖြင့် တိရစ္ဆာန်ဥယျာဉ်အတွင်းလှည့်လည်၍ တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်မှုနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တိရစ္ဆာန်ဥယျာဉ်ဝင်းအတွင်း၌ဖြတ်တောက်စုပုံထားသော သစ်တုံးများအား စက်ယန္တရားဖြင့် ပြောင်းရွှေ့ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်မြင့်မြင့်အေးက ဆေးရုံနှင့်စပ်လျဉ်းသည်များကိုရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ဆေးရုံတွင် လျှပ်စစ်ဓာတ်အား အချိန်ပြည့်ရရှိရေးနှင့်စပ်လျဉ်း၍တာဝန်ရှိသူများအား မှာကြားသည်။

ခုတ်ထွင်ရှင်းလင်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ဆေးရုံဝင်းအတွင်း၌ အင်းတိုင်တပ်နယ်မှ တပ်မတော်သားများက ပြိုလဲသစ်ပင်နှင့် အမှိုက်သရိုက်များအား အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုကို လည်းကောင်း၊ မေတ္တာလမ်းမကြီး တစ်လျှောက်၌ အင်းတိုင်တပ်နယ်မှ တပ်မတော်သားများနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ ပူးပေါင်းပြီး စက်ယန္တရားများဖြင့် ပြိုလဲသစ်ပင်များနှင့် အမှိုက်သရိုက် ဖယ်ရှားရှင်းလင်းနေမှု၊ ပြန်လည်ရှင်သန်နိုင်သည့် ပြိုလဲသစ်ပင်များ ပြန်လည်တည့်မတ်စိုက်ပျိုးနေမှု၊ယာဉ်များနှင့် မလွတ်ကင်းသည့် သစ်ကိုင်းများ ခုတ်ထွင်ဖယ်ရှား ရှင်းလင်းနေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ပန်းတစ်ပွင့်တောင်ဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် ဇွန် ၂၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၀၈)ဖြင့် ဆက်ကပ်လှူဒါန်းသည့် ဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသော ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် သာသနာပြုတောရကျောင်းတိုက်နာယကချုပ်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာသာရအား ရန်ကုန်မြို့ရှိ တပည့်ဒါယကာ၊ ဒါယိကာမများကဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် ဝါဆိုလဆန်း ၃ရက်၊ ဇူလိုင် ၅ရက် (စနေနေ့) ညနေ ၃နာရီတွင် ရန်ကုန်တိုင်း တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် မဟာသန္တိသုခကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ဒါယကာ၊ ဒါယိကာမများအနေဖြင့် ပူဇော်ပွဲသို့ တက်ရောက်ကြည်ညို သဒ္ဓါပွားနိုင်ကြောင်း သိရသည်။ (က-ပ)

ဖခင်ကြီး ဦးစွန်ကျင်၊ သမီးဒေါ်သန်းကျင်တို့အားရည်စူး၍ လှည်းကူးမြို့ အနောက်မင်းလမ်း အမှတ်၆၉(စီ)နေ မိခင်ကြီးဒေါ်ဖွားရှင် (၁၀၃)နှစ်မြောက် မွေးနေ့အလှူအဖြစ် မိဘဂုဏ်စတိုး၊ ရွှေအိမ်ဖြူစတိုး၊ ရွှေဟသာ်စတိုးမိသားစုက ဒဂုံမြို့နယ်

အမှတ် ၁၂စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋက ရွှေရတု၊ ငွေရတုကျောင်းတော်ကြီးနှင့် ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၁၃၀၀၀၀ကို အနုနာယကဆရာတော်ဘဒ္ဒန္တသီလာစာရထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန)တွဲဖက်ဘဏ္ဍာတော်ထိန်း ဦးမောင်မောင်ကျော်ထံ ပေးအပ်လှူဒါန်းစဉ်။(က-ပ)

ဒေါက်တာဦးကိုကိုလတ် Business Head (PFIZER Global Pharmaceutical, MEGA Products Limited) က လေဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၅၁သိန်းတန်ဖိုးရှိသော ဆေးဝါးပစ္စည်းများကို ဇွန် ၁၆ရက်က မြန်မာနိုင်ငံ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာကျော်မြင့်နိုင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာအမျိုးသမီးများနေ့ကြိုဆိုဂုဏ်ပြု လားရှိုး၌ မိုးရာသီသစ်ပင်စိုက်ပွဲတော်ကျင်းပ

ရန်ကုန် ဇွန် ၂၀

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မိုးရာသီ သစ်ပင်စိုက်ပွဲတော်ကို ဇွန် ၇ရက် နံနက် ၈နာရီခွဲက လားရှိုးမြို့နယ် ရန်တိုင်းအောင်မြို့ဦးဘုရားစေတီတော် ပရိဝုဏ်၌ ကျင်းပသည်။

ပျိုးပင်ဝေငှပေး

အခမ်းအနားတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က အမှာစကားပြောကြားပြီး တက်ရောက်လာကြသော လူမှုရေးအသင်းအဖွဲ့များသို့ ပျိုးပင်များကို ဝေငှပေးသည်။

စိုက်ပျိုးပေး

ထို့နောက် တိုင်းမှူးနှင့်ဇနီးဒေါ်ချယ်ရီတို့က ဦးဆောင်၍ သတ်မှတ်နေရာတွင် ပိတောက်ပျိုးပင်များကို စိုက်ပျိုးပေးရာ **(အောက်ပုံ)** အခမ်းအနားသို့ တက်ရောက်လာကြသော အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက တပျော်တပါး စုပေါင်းစိုက်ပျိုးပေးကြသည်။ အဆိုပါအခမ်းအနားတွင် ပိတောက်နှင့် ငုပျိုးပင်၇၀၀ကို စိုက်ပျိုးပေးနိုင်ခဲ့ကြောင်း သိရသည်။ **(ဝ၂၆)**

လူငယ်လူရွယ် ကျောင်းသားကျောင်းသူများ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန်ရည်ရွယ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲ ဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၂၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲ ဟောပြောပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁နာရီက ရန်ကင်းပညာရေးကောလိပ် မြတ်ပညာခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်စန္ဒာအောင် **(ဝဲပုံ)**က အမှာစကား ပြောကြားရာ၌ လူငယ်လူရွယ် ကျောင်းသားကျောင်းသူများ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်တတ်ရန်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်အောင် ကြိုးစားဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဟောပြောပွဲကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီး ဒုတိယခေါင်းဆောင် ဒေါ်သိန်းသိန်းညွန့်က ယဉ်ကျေးမှုအမွေရှင်သန်စေ ခေါင်းစဉ်ဖြင့် ဟောပြောပြီး ရန်ကင်းပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဒေါ်ချို့ချို့က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ပါမောက္ခဒေါ်ခင်သိန်းက ယဉ်ကျေးမှုအမွေရှင်သန်စေခေါင်းစဉ်ဖြင့် ဟောပြောသော စည်းရုံးရေးဌာနကြီး ဒုတိယခေါင်းဆောင် ဒေါ်သိန်းသိန်းညွန့်အား ဂုဏ်ပြုလက်ဆောင် ပေးအပ်ပြီး ဟောပြောပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

21-6 (07).pmd 1 6/21/2008, 2:25 AM

ဒီမိုကရေစီပင်ပျိုလေးကို ပျိုးထောင်ရေလောင်း ပေါင်းသင်ကြရအောင် (၂)

ကျော်မင်းလှူ(ရွှေပြည်သာ)

(ယမန်နေ့ကအဆက်)

ဒါ့အပြင် ၉၀ ရွေးကောက်ပွဲတုန်းက ရွေးချယ်ခံထားရသူတွေရဲ့ အခြေအနေတွေကို ကြည့်ပြန်ရင်လည်း NLD အနိုင်ရခဲ့တဲ့ ၃၉၂ နေရာ အနက် တစ်သီးပုဂ္ဂလကို ပြောင်းသူ၊ ကွယ်လွန်သူ၊ နုတ်ထွက်သူ၊ အရည်အချင်းပျက်ယွင်းသူ၊ တည်ဆဲဥပဒေများကို ဖောက်ဖျက်တဲ့အတွက် ပြစ်ဒဏ်ကျခံရသူ၊ အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းသွားသူ စုစုပေါင်း ၃၀၀ကျော်ရှိခဲ့တဲ့အတွက် လက်ကျန်ကိုယ်စားလှယ်ဟာ ၈၀ တောင် မပြည့်ချင်တော့ပါဘူး။ NLD အပြင် တခြားပါတီတွေနဲ့ တစ်သီးပုဂ္ဂလတွေပါ ထည့်တွက်ပါမှ လက်ကျန် ကိုယ်စားလှယ်ဦးရေဟာ ၁၂၀ ဝန်းကျင်သာ ကျန်ပါတော့တယ်။ ဒါကြောင့် အရွေးချယ်ခံကိုယ်စားလှယ် စုစုပေါင်းရဲ့ ၂၄ ရာခိုင်နှုန်းခန့်သာ ရှိတော့တယ်လို့ ဆိုနိုင်ပါတယ်။

အခြေခံဥပဒေကို လေ့လာမယ်ဆိုရင် လွှတ်တော်ခေါ်ယူဖို့အတွက် အနည်းဆုံး လွှတ်တော်ကိုယ်စားလှယ်ရဲ့ သုံးပုံ တစ်ပုံ အင်အားက တောင်းဆိုမှသာ ဖြစ်မှာဖြစ်ပါတယ်။ ၁၉၇၄ခုနှစ် ဥပဒေမှာလည်း လွှတ်တော်ကိုယ်စားလှယ် ၃၄ရာခိုင်နှုန်းက တောင်းဆိုပါက နိုင်ငံတော်ကောင်စီအနေနဲ့ လွှတ်တော်အစည်းအဝေးတွေကို အမြန်ဆုံးခေါ်ယူပေးရမယ်လို့ ဖော်ပြထားပါတယ်။ ဒါကြောင့် လက်ကျန် NLD ကိုယ်စားလှယ်

ဒီမိုကရေစီကို မှန်မှန်ကန်ကန်ကျင့်သုံးဖို့ ဆောင်ရွက်ရာမှာ ပြည်သူအားလုံး၊ ပါတီအားလုံးက အဲဒီအသိမျိုးနဲ့ ဆင်ခြင်လိုက်နာဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒီလိုဆင်ခြင်လိုက်နာ ကျင့်သုံးနိုင်အောင် ရင့်ကျက်တဲ့အဆင့်တစ်ခုရောက်တဲ့အထိ အချိန်ယူကြရမှာပါ။ ဒီမိုကရေစီကိုဖော်ဆောင်ရာမှာ အရှိတရားက စကြရမှာဖြစ်လို့ အရှိတရားထက် ကျော်လွန်ပြီး ဇွတ်အတင်းအကောင်အထည်ဖော်လို့ မဖြစ်နိုင်ပါဘူး။ သိသိကြီးနဲ့ ဇွတ်လုပ်မယ်ဆိုရင် အကျိုးထက်အပြစ်က ပိုများသွားမှာ အသေအချာပါပဲ။

၈၀ လောက်က လွှတ်တော်ခေါ်ပေးဖို့ တောင်းဆိုနေတာဟာ ကျွန်တော်တို့နိုင်ငံမှာ ယခင်ရှိပြီးစံနှုန်းအရရော နိုင်ငံတကာစံနှုန်းများအရပါ ဘယ်လိုမှ မကိုက်ညီတော့တာကို အထင်အရှားတွေ့ရမှာဖြစ်ပါတယ်။ ဒါ့အပြင် လွှတ်တော်တစ်ရပ်ရဲ့ သက်တမ်းဟာ များသောအားဖြင့် အနည်းဆုံး ၄နှစ်မှ အများဆုံး ၅နှစ်ဝန်းကျင်အထိသာ ထားကြလေ့ရှိတာမို့ ကာလအားဖြင့်လည်း အတော်လေးကို ကျော်လွန်ခဲ့ပါပြီ။ နှောင်းခဲ့တဲ့အတိတ်ကို အတိတ်မှာပဲ ထားခဲ့ကြရမှာပါ။ အိပ်မက်ဆိုတာ တစ်သက်လုံး မက်နေခွင့်မရှိဘဲ အချိန်တန်လို့ အိပ်ရာကနိုးရင် ပျောက်ပြယ်သွားစမြဲသာ ဖြစ်ပါတယ်။ အတိတ်ဆိုတာဟာလည်း ဘယ်လိုမှ မအပ်စပ်တော့ဘူး ဆိုရင် ပစ္စုပ္ပန် အထိ၊ အနာဂတ်အထိ သယ်သွားချင်လို့ မရနိုင်ပါဘူး။ ဒါကို NLD ရော၊ ဝါရင့်တွေပါ နားလည်စေချင်ပါတယ်။

ဘာပဲဖြစ်ဖြစ် NLD အနေနဲ့ ၁၉၉၀ ရွေးကောက်ပွဲလောင်းရိပ်အောက်မှာပဲ ကပ်ရပ်မှီခိုနေဖို့ မသင့်တော့ပါဘူး။ လွန်ခဲ့တာတွေလည်း လွန်ခဲ့ပါပြီ၊ ပြီးခဲ့တာတွေလည်း ပြီးခဲ့ပါပြီ။ အတိတ်ကို သင်ခန်းစာယူပြီး ပစ္စုပ္ပန်မှာ အကောင်းဆုံးကြိုးစားရင်း၊ အနာဂတ်ကောင်းအောင် တည်ဆောက်ရင်း ကိုယ့်သမိုင်းကိုယ်ရေးသွားကြရမှာသာ ဖြစ်ပါတယ်။

ဒီတော့ မှားနေရင်ပြင်ရမှာပါ။ မပြင်ဘဲ ဇွတ်အတင်းဆက်မှားနေလို့ကတော့ အမှားသံသရာက ဘယ်တော့မှရုန်းထွက်နိုင်မှာ မဟုတ်ပါဘူး။ အလိုလိုနေရင်းလည်း လမ်းမှန်ပေါ်ပြန်ရောက်သွားမှာလည်း မဟုတ်ပါဘူး။ "အတ္တာဟိ အတ္တနော နာထော၊ မိမိကိုယ်သာ ကိုးကွယ်ရာ" ဆိုတဲ့ စကားရှိတယ် မဟုတ်လား။ ကိုယ့်အမှားကို ကိုယ်ပဲပြင်ရမှာပါ။

ဒီမိုကရေစီစနစ်ဆိုတာ နိုင်ငံရေးစနစ်တွေထဲမှာ တိုင်းပြည်နဲ့လူမျိုးအကျိုးကို ဖော်ဆောင်ပေးနိုင်တဲ့ အနှစ်သာရပြည့်ဝကောင်းမွန်တဲ့ စနစ်တစ်ခုပါပဲ။ ဒါပေမယ့် ဒီလို တိုင်းပြည်နဲ့ လူအမျိုးအတွက် အကျိုးဖြစ်ထွန်းဖို့က ဒီမိုကရေစီကို မှန်မှန်ကန်ကန်ကျင့်သုံးနိုင်ဖို့လိုပါတယ်။ မှန်မှန်ကန်ကန် မကျင့်သုံးနိုင်ဘူးဆိုရင်တော့ ဘယ်လိုမှ ကောင်းကျိုးခံစားရမှာ မဟုတ်ပါဘူး။ အထက်မှာ ကျွန်တော်ပြောခဲ့သလို ၂၃၅ပါတီက ဝိုင်းဝန်းပုံဖော်ထုဆစ်ကြမယ့် တစ်တောတစ်ကြက်ဖ ဒီမိုကရေစီမျိုး၊ တစ်ဖက်ကလည်း ဆန္ဒမဲပေးခွင့်ရှိသူအင်အားရဲ့ သုံးပုံတစ်ပုံလောက် အနိုင်ရတာနဲ့ ငါသာငါထက် မာန်တွေတက်ပြီး အာဏာကို လက်ဝါးကြီးအုပ်ချင်တဲ့ မောင်ပိုင်စီး ဒီမိုကရေစီမျိုးတွေနဲ့ကတော့ ရွှေပြည်တော်မျှော်တိုင်းဝေးဖြစ်နေဦးမှာပါပဲ။

ဒီမိုကရေစီကို မှန်မှန်ကန်ကန်ကျင့်သုံးဖို့ ဆောင်ရွက်ရာမှာ ပြည်သူအားလုံး၊ ပါတီအားလုံးက အဲဒီအသိမျိုးနဲ့ ဆင်ခြင်လိုက်နာဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒီလိုဆင်ခြင်လိုက်နာကျင့်သုံးနိုင်အောင် ရင့်ကျက်တဲ့အဆင့်တစ်ခုရောက်တဲ့အထိ အချိန်ယူကြရမှာပါ။ ဒီမိုကရေစီကို ဖော်ဆောင်ရာမှာ အရှိတရားက စကြရမှာဖြစ်လို့ အရှိတရားထက် ကျော်လွန်ပြီး ဇွတ်အတင်း အကောင်အထည်ဖော်လို့ မဖြစ်နိုင်ပါဘူး။ သိသိကြီးနဲ့ ဇွတ်လုပ်မယ်ဆိုရင် အကျိုးထက်အပြစ်က ပိုများသွားမှာ အသေအချာပါပဲ။ တဖြည်းဖြည်း ရင့်ကျက်ပြောင်းလဲတိုးတက်လာဖို့ စိတ်ရှည်လက်ရှည် ပြုစုပျိုးထောင်ရမှာ ဖြစ်သလို "ခုရေတွင်းတူး၊ ခုရေကြည်သောက်" ချင်တဲ့ အတ္တဆန္ဒစွဲတွေကိုလည်း ထိန်းချုပ်ကြရမှာသာ ဖြစ်တယ်လို့ ဆိုချင်ပါတယ်။ ဒါမှသာ ကျွန်တော်တို့နိုင်ငံမှာ ဒီမိုကရေစီဆိုတာကို အနှစ်သာရရှိရှိနဲ့ မှန်မှန်ကန်ကန် ကျင့်သုံးနိုင်တဲ့အဆင့် ရောက်လာမှာဖြစ်ပါတယ်။

ဒီမိုကရေစီဆိုတာ အပြောလွယ်သလောက် လက်တွေ့ ခက်ပါတယ်။ တရားကိုယ်သဘောက သိပ်ပြီး နှစ်လိုမက်မောဖွယ်ရှိပေမယ့် မထိန်းတတ်၊ မသိမ်းတတ်၊ မလုပ်တတ်၊ မကိုင်တတ်ရင် ဆုံးရှုံးနစ်နာမှုတွေပဲ ဖြစ်လာမှာပါ။ ဒီကြားထဲ ငါစွဲ၊ ပါတီစွဲ၊ အတ္တစွဲတွေ လွှမ်းမိုးသွားမယ်ဆိုရင်တော့ ဆိုဖွယ်မရှိတော့ပါဘူး။ ကျွန်တော်တို့နိုင်ငံမှာ လွတ်လပ်ရေးရပြီးနောက် ပါလီမန်ဒီမိုကရေစီခေတ်ကို ဖြတ်သန်းဖူးခဲ့ပြီးပါပြီ။ ဖဆပလ၊ ဗကပ၊ ပမညတ စသည်ဖြင့် နိုင်ငံရေးပါတီအဖွဲ့အစည်းတွေကြားက အုပ်စုဂိုဏ်းဂဏ တိုက်ပွဲတွေကြောင့် စည်းလုံးညီညွတ်မှုပြိုကွဲပြီး လက်နက်ကိုင်ပဋိပက္ခစစ်မီးကြီး တဟုန်းဟုန်း လောင်ကျွမ်းလိုက်တာ တိုင်းပြည်တစ်ပြည်လုံးပြာပုံမဖြစ်ရုံတစ်မည်ပါပဲ။ အဲဒီပဋိပက္ခတွေကြားက မွေးဖွားပေးလိုက်တဲ့ ပြည်တွင်းဆူပူသောင်းကျန်းမှုဒဏ်ကိုလည်း ပြည်သူတွေ နှစ်ပေါင်းလေးဆယ်လောက် ကျောကော့နေအောင် ခံခဲ့ကြရတယ် မဟုတ်လား။ ဒါကြောင့် ကျွန်တော်တို့ မြန်မာပြည်သူတွေ ကြုံဖူးခဲ့တဲ့ ဒီမိုကရေစီကတော့ ခါးခဲ့ပါတယ်။ ဒါကလည်း ဒီမိုကရေစီ ဆိုတဲ့ စနစ်ကြောင့် မဟုတ်ပါဘူး။ စနစ်ကိုအကောင်အထည်ဖော်တဲ့လူတွေကြောင့်၊ တစ်နည်းအားဖြင့် ငါစွဲ၊ ပါတီစွဲ၊ အတ္တစွဲတွေနဲ့ မင်းသားကြီးလုပ်ရမှဆိုတဲ့ သူတွေနဲ့ မင်းသားကြီးမလုပ်ရလို့ ပတ်မကြီးထိုးဖောက်ခဲ့တဲ့ သူတွေကြောင့်သာ ဖြစ်ပါတယ်။ ပါတီနိုင်ငံရေးသမားတွေရဲ့ အကွဲအပြဲကြောင့်၊ တစ်ဖန် ပါတီတွင်းတိုက်ပွဲတွေကြောင့် တိုင်းပြည်ကတော့ ပြဿနာပေါင်းစုံနဲ့ လုံးချာလိုက်နေခဲ့ရပြီး ပြည်သူမှာလည်း ဖွတ်ကျော ပြာစု၊ ခရုဆံကျွတ်ဘဝနဲ့ မငြိမ်းမချမ်း အထိတ်ထိတ် အလန့်လန့်နဲ့ နေရစားရ အသက်ရှင်နေရတဲ့ဘဝ ရောက်သွားခဲ့ရတာကို မေ့မပစ်သင့်ပါဘူး။

နိုင်ငံအများစုမှာတော့ တရားဝင်နိုင်ငံရေးပါတီပေါင်းလည်း ၂၀၀ ကျော် မရှိပါဘူး။ ရွေးကောက်ပွဲဝင်တဲ့ ပါတီလည်း ၉၀ကျော်မရှိတတ်ပါဘူး။ များသောအားဖြင့် အာဏာရပါတီနဲ့ အတိုက်အခံပါတီဆိုပြီး အဓိကပါတီကြီး နှစ်ပါတီလောက် ဒါမှမဟုတ် သုံးလေးပါတီလောက်သာ ရှိတတ်ပါတယ်။ အဲဒီ ပါတီတွေဟာ သာမန်အားဖြင့် မူဝါဒရပ်တည်ချက်တွေ၊ သဘောထားဆန္ဒတွေ မတူကြပါဘူး၊ ဒါပေမယ့် ရွေးကောက်ပွဲမှာ ယှဉ်ပြိုင်ကြပြီးလို့ အနိုင်ရတဲ့ပါတီက နိုင်ငံ့တာဝန်ယူပြီးဆောင်ရွက်နေပြီ ဆိုရင်လည်း ရှုံးနိမ့်ခဲ့တဲ့အတိုက်အခံပါတီဘက်က အာဏာရပါတီလုပ်သမျှ ကောင်းကောင်း မကောင်းကောင်း ဆန့်ကျင်မယ်၊ အပုပ်ချမယ်၊ ကန့်ကွက်မယ်လို့ စိုက်လိုက်မတ်တတ် လုပ်နေတာမျိုး၊ အလေ့အထမျိုး မတွေ့ရပါဘူး။ ကောင်းရင်ထောက်ခံမယ်၊ ပူးပေါင်းဆောင်ရွက်မယ်။ မကောင်းဘူးဆိုရင် ကန့်ကွက်မယ်၊ အကြံပြုမယ်။ ဘာပဲဖြစ်ဖြစ် သူတို့နိုင်ငံနဲ့ ပြည်သူရဲ့ အမျိုးသားအကျိုးစီးပွားဘက်က ရပ်တည်ပြီး၊ ဒီမိုကရေစီရေး အသိနဲ့ယှဉ်ပြီး ဆောင်ရွက်နေကြတာဖြစ်လို့ ပြိုင်ဘက်ပါတီနှစ်ခုအကြားမှာ အကြီးအကျယ်ပေါက်ကွဲရ လောက်အောင် သဘောထားကွဲလွဲကြတာမျိုး၊ ဝေဖန်တိုက်ခိုက်ကြတာမျိုး မရှိသလောက်ပါပဲ။ ဒီလိုရင့်ကျက်မှုရှိမှလည်း ဒီမိုကရေစီရဲ့အနှစ်သာရနဲ့ အကျိုးကျေးဇူးကို နိုင်ငံနဲ့ ပြည်သူတွေ ခံစား၊ စံစားခွင့်ရကြမှာဖြစ်ပါတယ်။ ဒီမိုကရေစီပန်းတိုင်ကို ချီတက်နေကြတာ မှန်ရင် ရင့်ကျက်တဲ့၊ ပြည့်ဝတဲ့ဒီမိုကရေစီ အလေ့အထကောင်းတွေကို လက်ရှိ နိုင်ငံရေးပါတီကြီးတွေက စံပြလိုက်နာကျင့်သုံးပြီး လမ်းမှန်ပြသွားပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။

အခြေခံဥပဒေသစ်ကို အတည်ပြုလိုက်နိုင်ခြင်းဟာ NLD အနေနဲ့ ၉၀ရလဒ်ကို နိဂုံးချုပ်စေမှာဖြစ်တဲ့အတွက် ပါတီရဲ့အရှုံးအဖြစ် မမြင်စေချင်ပါဘူး။ တစ်ချိန်တုန်းက Time Frame မရှိဘူးလို့ တတွတ်တွတ်ရွတ်နေခဲ့သမျှအတွက် ၂၀၁၀ရွေးကောက်ပွဲဟာ သိပ်ကိုသေချာတဲ့ Time Frame ဖြစ်နေပါပြီ။ ဒါကြောင့် ဘယ်လိုမှမဖြစ်နိုင်တော့တဲ့ ၉၀ရလဒ်ဆိုတာကို ရာဇဝင်ထဲမှာထားရစ်ခဲ့ပြီး ၂၀၁၀ရွေးကောက်ပွဲဆီကို အာရုံစိုက်သင့်ပါပြီ။ အဲဒီလို အာရုံပြောင်းလိုက်မယ်ဆိုရင် ဒီအခြေခံဥပဒေသစ်ဆိုတာ ပါတီရဲ့အောင်မြင်မှုကို ဆောင်ကြဉ်းပေးနိုင်ဖို့ လမ်းဖွင့်ပေးတဲ့ အခရာအကျဆုံးကျေးဇူးရှင်ဆိုတာ နားလည်လက်ခံလာမှာပါ။ ဒါ့အပြင် ဒီအခြေခံဥပဒေဟာ ထာဝစဉ် တစ်သမတ်တည်း ဒီအတိုင်းသွားဖို့ မဟုတ်ပါဘူး။ ပြောရမယ်ဆိုရင် ဒီနေ့ ဒီမိုကရေစီထွန်းကားနေပါပြီဆိုတဲ့ နိုင်ငံကြီးတွေမှာ ကျင့်သုံးနေတဲ့ ဒီမိုကရေစီအခွင့်အလမ်းများဟာ တဖြည်းဖြည်း ရင့်ကျက်ပြောင်းလဲလာပြီးမှ လက်ရှိအဆင့်အတန်းကို ရောက်ကြရတာဖြစ်ပါတယ်။ ကျွန်တော်တို့ဆီမှာလည်း အလားတူ တဖြည်းဖြည်း ရင့်ကျက်တိုးတက်ကြရမှာပါ။ နိုင်ငံရေး၊ စီးပွားရေး၊ တည်ငြိမ်တိုးတက်လာတာနဲ့အမျှ၊ ဒီမိုကရေစီကျင့်သုံးတဲ့ ပြည်သူများ ရင့်ကျက်ပြည့်ဝလာတာနဲ့အမျှ ဒီမိုကရေစီအခွင့်အလမ်းများ ပိုမိုပွင့်လင်းလာရမှာပဲ ဖြစ်ပါတယ်။ အဲ့ဒီအချိန်ကျရင် ပြဋ္ဌာန်းချက်တွေနဲ့အညီ လွှတ်တော်များအတွင်းမှာ ညှိနှိုင်းဆွေးနွေးပြင်ဆင်ခွင့်ရမှာ ဖြစ်တဲ့အတွက် ဒီလောက်လည်း အစိုးရိမ်ကြီးဖို့ မလိုပါဘူးလို့ပဲ ပြောချင်ပါတယ်။

ဒါ့အပြင် ဒီနေ့ပြည်သူရဲ့ ပညာ၊ အသိ၊ ခံယူချက်၊ သဘောထားတွေဟာ ၉၀ပြည့်နှစ်တုန်းကနဲ့ ဘာမှမဆိုင်အောင် အများကြီးတိုးတက်ပြောင်းလဲခဲ့ပါပြီ။ အဲဒီတုန်းက ပုခက်ထဲက ကလေးငယ်တွေဟာ ဒီနေ့ အခြေခံဥပဒေကို ထောက်ခံမဲပေးခဲ့ကြပြီးပါပြီ။ ဒါကြောင့် လွန်ခဲ့တဲ့ ၁၈နှစ်က ရလဒ်ကို တရားသေဆုပ်ကိုင်ပြီး မဆင်မခြင်တောင်းဆိုတာမျိုးတွေကို တကယ်ပဲ စွန့်လွှတ်သင့်လှပါပြီ။ အဲဒီအစား ပကတိအရှိတရားနဲ့ လိုက်လျောညီထွေဖြစ်အောင် ဒီမိုကရေစီဖော်ဆောင်နေမှုမှာ အောင်မြင်သည်ထက်အောင်မြင်အောင် ပူးပေါင်းပါဝင်သင့်ကြပါပြီ။

တကယ်တော့ အခုလို မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ အဆင့်(၄)ကို ပြီးမြောက်အောင်မြင်တဲ့အထိ နိုင်ငံတော်နဲ့ ပြည်သူအားလုံးအနေနဲ့ အချိန်များစွာ၊ လုပ်အားနဲ့ အကြံဉာဏ်များစွာ ရင်းနှီးပေးဆပ်ခဲ့ကြရတာပါ။ ဒီလိုရင်းနှီးပေးဆပ်ခဲ့ကြပြီး အဆင့်(၄)ကျော်မှ ဘယ်လိုမှ တစ်ကပြန်စနိုင်မှာ မဟုတ်ပါဘူး။ အခုမှ ပြန်ပြီးဆွေးနွေးကြပါဦးစို့လို့ တောင်းဆိုဖို့လည်း မသင့်ပါဘူး။ ဒါ့အပြင် နောင်လာမယ့်အဆင့်တွေမှာ ဥပဒေနဲ့အညီ ပါဝင်ခွင့်ရှိသူအားလုံး လွတ်လပ်မျှတစွာပါဝင်နိုင်ဖို့ အခွင့်အရေးပေးထားပြီး ဖြစ်ပါတယ်။ ဥပဒေနဲ့အညီသာ ပြုမူလိုက်နာသွားမယ်ဆိုရင် NLD ရော၊ ဝါရင့်အဖွဲ့ပါ အားလုံးပါဝင်ခွင့်ရမှာ ဖြစ်ပါတယ်။ နိုင်ငံရဲ့ ဒီမိုကရေစီရေး အလှည့်အပြောင်းအတွက် အခုလို အထူးသိမ်မွေ့နက်နဲတဲ့ အခြေအနေမျိုးမှာ အေးချမ်းတည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုဆိုတာ နိုင်ငံနဲ့ပြည်သူအားလုံး

တကယ်တော့ အခုလို မူဝါဒလမ်းစဉ်(၇
ပြီးမြောက်အောင်မြင်တဲ့အထိ နိုင်ငံတော်နဲ့
အချိန်များစွာ၊ လုပ်အားနဲ့ အကြံဉာဏ်များစွာ
တာပါ။ ဒီလို ရင်းနှီးပေးဆပ်ခဲ့ကြပြီး အဆင့်
တစ်ကပြန်စနိုင်မှာ မဟုတ်ပါဘူး။ အခုမှ ပြန်
တောင်းဆိုဖို့လည်း မသင့်ပါဘူး။ ဒါ့အပြင် နော
ဥပဒေနဲ့အညီ ပါဝင်ခွင့်ရှိသူအားလုံး လွတ်
အခွင့်အရေးပေးထားပြီးဖြစ်ပါတယ်။ ဥပဒေနဲ့
သွားမယ်ဆိုရင် NLD ရော၊ ဝါရင့်အဖွဲ့ပါ
ဖြစ်ပါတယ်။ နိုင်ငံရဲ့ ဒီမိုကရေစီရေး အလှည့်အ
အထူးသိမ်မွေ့နက်နဲတဲ့ အခြေအနေမျိုးမှာ အေ
တိုးတက်မှုဆိုတာ နိုင်ငံနဲ့ပြည်သူအားလုံးအတွ
ဖြစ်နေပါတယ်။

အတွက် အဓိကလိုအပ်ချက်ဖြစ်နေပါတယ်။
အမျိုးသားအကျိုးစီးပွားကို ထိခိုက်လာနိုင်တဲ့
ဖြေရှင်း ဆောင်ရွက်သွားရမှာဖြစ်သလို နိုင်ငံ
ပါတယ်။ ကျွန်တော်တို့ကတော့ မူဝါဒလမ်းစ
Solution ကိုသာ မျှော်လင့်မိတာ အမှန်ပါ။

နိုင်ငံရေးပါတီတစ်ရပ်အနေနဲ့ မိမိနိုင်ငံရဲ
မှန်များကို အတိုင်းအတာတစ်ခုအထိ သိရှိနားလ
ကြည့်မယ်ဆိုရင် ဆင်သေကိုစီးပြီး ပင်လယ်ထဲ

လောကမှာ ဖျက်ဆီးတာ လွယ်သလော
ဖျက်ဆီးခံရလို့ ပျက်သွားတာကို ပြန်ပြင်ရ
ရှုပ်ထွေးလှပါတယ်။ ဒီနေ့ အချိန်မှာ နိုင်ငံတော်
တစ်လှေတည်းစီး တစ်ခရီးတည်းသွား၊ တစ်စီး
အခြေခံကောင်းတွေ ဝေဆာပြည့်လျှမ်းနေတဲ့
ရလိုမှု၊ ပါတီသြဇာတက်လိုမှု အတ္တစွဲတွေနဲ့
ပါဘူး။ ရရှိလာတဲ့ အခြေအနေကောင်း၊ အခွင့်
အချိန်တန်ပါပြီ။

တကယ်တော့ ကျွန်တော်ပြောခဲ့သလို
အားလုံးအတွက် အခွင့်အလမ်းကောင်း တစ်ခု
လက်လွှတ်ခံလို့ ဘယ်ဖြစ်ပါ့မလဲ။ NLD အနေနဲ့
သဘောထားကြီးကြီးထားခဲ့တာ၊ နားလည်လို
အတွက် အချိန်မနှောင်းသေးဘူးဆိုတာ ထင်ရှ

ဒီတော့ တည်ဆဲအစိုးရဆန့်ကျင်ရေးတွေ
ဖွဲ့မယ်ဆိုတဲ့ ရပ်တည်ချက်မျိုးကိုလည်း စိတ်ကူ
ကိုယ်စားလှယ်ကြီးတွေကိုယ်စား ၉၀ရလဒ်ဆို
လွှတ်တော်ခေါ်ပေးရေးဆိုပြီးလည်း စိတ်ကူးယဉ်
ဘာတွေဖော်ဖို့လည်း ကြိုးစားမနေပါနဲ့တော့။ အ
ပူးပေါင်းဆောင်ရွက်ဖို့ ကမ်းလှမ်းချက်တွေ ဘ
၂၀၁၀ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကေ
မျှော်လင့်မိတာတော့ အပြုသဘောတွေချည်းပ

ချုပ်ပြီးဆိုရရင် အခြေခံဥပဒေသစ်ကိုလည
၂၀၁၀ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေ
နေပါပြီ။ ရွေးကောက်ပွဲပြီးသွားရင် ထွက်ပေါ်လ
ဖွဲ့စည်းပြီး စစ်မှန်၍ စည်းကမ်းပြည့်ဝပြီး ခေ
ပုံပေါ်လာတော့မှာ ဖြစ်ပါတယ်။ ဒီတော့ ကျွန်
ဆိုတာ တကယ့်လက်တစ်ကမ်းမှာကို ရောက်
အမှန်ပါပဲ။

ဒီအချိန်မှာ NLD အနေနဲ့ ဥပဒေများနဲ့
ရပ်တည်ရှင်သန် အောင်ပွဲခံနိုင်အောင် ပြင်ဆင်
ချင်ပါတယ်။ ရှေ့လာမယ့်ရွေးကောက်ပွဲအတွက်
ဖြစ်ပါလိမ့်မယ်။ အလားတူ ရွေးကောက်ပွဲလ
အတွက်ပါ အန္တရာယ်အကင်းဆုံးနဲ့ အကောင်းဆုံ
အချိန်မနှောင်းသေးခင် အသိမှန်၊ အမြင်မှန်နဲ့

ကျွန်တော်တို့ကတော့ NLD နဲ့ နောက်လ
အမျိုးသားရေးခံယူချက်တွေနဲ့ နိုင်ငံနဲ့ ပြည်သူအ
ပေးနေတာကို မြင်လို၊ တွေ့လိုလှပါပြီ။ ။

အတွက် အဓိကလိုအပ်ချက်ဖြစ်နေပါတယ်။ ဒါကြောင့် **NLD** နဲ့ ဝါရင့်အဖွဲ့ အပါအဝင် အားလုံးအနေနဲ့ အမျိုးသားအကျိုးစီးပွားကို ထိခိုက်လာနိုင်တဲ့ ဘယ်လို ကိစ္စမျိုးကိုမဆို အထူးဆင်ခြင်သတိထားပြီး ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်သွားရမှာဖြစ်သလို နိုင်ငံနဲ့ လူမျိုးရဲ့ မျက်နှာကို ကြည့်ဖို့လည်း မဖြစ်မနေလိုအပ်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ကတော့ မူဝါဒလမ်းစဉ်(၇)ရပ်ကို မထိခိုက်စေဘဲ နှစ်ဖက်အကျိုးရှိမယ့် **Win-Win-Solution** ကိုသာ မျှော်လင့်မိတာ အမှန်ပါ။

နိုင်ငံရေးပါတီတစ်ရပ်အနေနဲ့ မိမိနိုင်ငံရဲ့ သိမ်မွေ့နက်နဲကျယ်ပြန့်တဲ့ နိုင်ငံရေး၊ လူမျိုးရေး အခြေအနေမှန်များကို အတိုင်းအတာတစ်ခုအထိ သိရှိနားလည်ပြီး ဖြစ်ပါလိမ့်မယ်။ သိသိနဲ့လတ်တလော ရေတိုကိစ္စကိုသာ ကြည့်မယ်ဆိုရင် ဆင်သေကိုစီးပြီး ပင်လယ်ထဲလိုက်ပါသွားတဲ့ ကျီးမိုက်ရဲ့ နိဂုံးမျိုးသာ ကြုံရမှာမလွဲပါဘူး။

လောကမှာ ဖျက်ဆီးတာ လွယ်သလောက် တည်ဆောက်ရတာ အင်မတန်ခက်ခဲပါတယ်။ ဒါ့အပြင် ဖျက်ဆီးခံရလို့ ပျက်သွားတာကို ပြန်ပြင်ရ၊ ပြန်တည်ဆောက်ရတာက ပိုပြီးအဆပေါင်းများစွာ ခက်ခဲရှုပ်ထွေးလှပါတယ်။ ဒီနေ့ အချိန်မှာ နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ဟာ အားလုံး ညီညီညွတ်ညွတ်နဲ့ တစ်လှေတည်းစီး တစ်ခရီးတည်းသွား၊ တစ်စီးပွားတည်း ဖြစ်နေကြပါပြီ။ တကယ့်ကို နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ အခြေခံကောင်းတွေ ဝေဆာပြည့်လျှမ်းနေတဲ့ အခြေအနေကောင်း၊ အချိန်အခါကောင်းပါပဲ။ ဒါကို မိမိအာဏာရလိုမှု၊ ပါတီသြဇာတက်လိုမှု အတ္တစွဲတွေနဲ့ တည်ငြိမ်နေတဲ့ ကန်ရေပြင်ကို ဂယက်ထအောင် မလုပ်ကောင်းပါဘူး။ ရရှိလာတဲ့ အခြေအနေကောင်း၊ အခွင့်အခါကောင်းကို မိမိရရဆုပ်ကိုင်ပြီး ပန်းအဝင်လှအောင်လုပ်ဖို့ အချိန်တန်ပါပြီ။

တကယ်တော့ ကျွန်တော်ပြောခဲ့သလို အခြေခံဥပဒေကို အတည်ပြုပေးလိုက်ခြင်းဟာ နိုင်ငံရေးပါတီအားလုံးအတွက် အခွင့်အလမ်းကောင်း တစ်ခုကို လမ်းဖွင့်ပေးလိုက်ခြင်းပဲ ဖြစ်ပါတယ်။ ဒီအခွင့်ကောင်းကို လက်လွတ်ခံလို့ ဘယ်ဖြစ်ပါ့မလဲ။ NLD အနေနဲ့ အစဉ်တစိုက် အစိုးရကို ဆန့်ကျင်ခဲ့တာမှန်ပေမယ့် အစိုးရဘက်က သဘောထားကြီးကြီးထားခဲ့တာ၊ နားလည်လိုက်လျောပေးနေသေးတာကလည်း ဒီအခွင့်ကောင်းဟာ NLD အတွက် အချိန်မနှောင်းသေးဘူးဆိုတာ ထင်ရှားနေပါပြီ။

ဒီတော့ တည်ဆဲအစိုးရဆန့်ကျင်ရေးတွေကိုလည်း လျှော့သင့်ပါပြီ၊ CRPP နဲ့ ပေါင်းပြီး စင်ပြိုင် အစိုးရဖွဲ့မယ်ဆိုတဲ့ ရပ်တည်ချက်မျိုးကိုလည်း စိတ်ကူးနဲ့တောင် မပြစ်မှားသင့်တော့ပါဘူး။ မရှိကြတော့တဲ့ ရွေးချယ်ခံကိုယ်စားလှယ်ကြီးတွေကိုယ်စား ၉၀ရလဒ်ဆိုတဲ့ Mandate ကြီးကိုလည်း ဖက်တွယ် မနေသင့်တော့ပါဘူး။ လွှတ်တော်ခေါ်ပေးရေးဆိုပြီးလည်း စိတ်ကူးယဉ်မနေပါနဲ့တော့။ နာဂစ်ကိုအကြောင်းပြုပြီး နိုင်ငံရေးတိုက်ကွက်တွေ ဘာတွေဖော်ဖို့လည်း ကြိုးစားမနေပါနဲ့တော့။ အစိုးရကိုဆန့်ကျင်အပုပ်ချတဲ့ ကြေညာချက်တွေအစား အပြုသဘော ပူးပေါင်းဆောင်ရွက်ဖို့ ကမ်းလှမ်းချက်တွေ ဘာလို့မဖြစ်နိုင်ရမှာလဲ။ အတည်ပြုပြီးဖြစ်တဲ့ အခြေခံဥပဒေနဲ့အညီ ၂၀၁၀ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးအတွက် ပြင်ဆင်မှုတွေ ဘာလို့ မလုပ်နိုင်ရမှာလဲ။ မျှော်လင့်မိတာတော့ အပြုသဘောတွေချည်းပါပဲ။

ချုပ်ပြီးဆိုရရင် အခြေခံဥပဒေသစ်ကိုလည်း ပြည်သူအားလုံးရဲ့ Mandate နဲ့ အတည်ပြုပေးနိုင်ခဲ့ပါပြီ။ ၂၀၁၀ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကလည်း အောင်နိုင်သူကို ပန်းကုံးစွပ်ဖို့ စောင့်ကြိုနေပါပြီ။ ရွေးကောက်ပွဲပြီးသွားရင် ထွက်ပေါ်လာမယ့် ပြည်သူ့ကိုယ်စားလှယ်များနဲ့ လွှတ်တော်အဆင့်ဆင့်တွေ ဖွဲ့စည်းပြီး စစ်မှန်၍ စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဟာ လုံးဝ ပုံပေါ်လာတော့မှာ ဖြစ်ပါတယ်။ ဒီတော့ ကျွန်တော်တို့အားလုံး မျှော်မှန်းတောင့်တခဲ့ကြတဲ့ ဒီမိုကရေစီပန်းတိုင်ဆိုတာ တကယ့်လက်တစ်ကမ်းမှာကို ရောက်နေပါပြီ။ ပန်းတိုင်က နီးနေပြီဖြစ်သလို လမ်းကလည်း ဖြူးနေတာ အမှန်ပါပဲ။

ဒီအချိန်မှာ NLD အနေနဲ့ ဥပဒေများနဲ့အညီ ၂၀၁၀ပြည့်နှစ်မှာ ရွေးကောက်ပွဲဝင်ပြီး ပါတီရဲ့အနာဂတ် ရပ်တည်ရှင်သန် အောင်ပွဲခံနိုင်အောင် ပြင်ဆင်ကြိုးပမ်းဖို့ အချိန်သင့်နေပြီလို့ပဲ စေတနာကောင်းနဲ့ သတိပေးချင်ပါတယ်။ ရှေ့လာမယ့်ရွေးကောက်ပွဲအတွက် ပြင်ဆင်ခြင်းသည်သာ အမှန်ကန်ဆုံးနဲ့ အသင့်မြတ်ဆုံးရွေးချယ်မှု ဖြစ်ပါလိမ့်မယ်။ အလားတူ ရွေးကောက်ပွဲလမ်းကြောင်းသည်သာ နိုင်ငံနဲ့ ပြည်သူအတွက်ရော၊ အားလုံးအတွက်ပါ အန္တရာယ်အကင်းဆုံးနဲ့ အကောင်းဆုံးလမ်းကြောင်း ဖြစ်ပါလိမ့်မယ်။ လမ်းမှန်ကို ရွေးချယ်လျှောက်ဖို့ အချိန်မနှောင်းသေးခင် အသိမှန်၊ အမြင်မှန်နဲ့ အမြန်ဆုံး ပြင်နိုင်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

ကျွန်တော်တို့ကတော့ NLD နဲ့ နောက်လိုက်တွေအနေနဲ့ မှန်ကန်တဲ့ လမ်းကြောင်းပေါ်မှာ ဒီမိုကရေစီရေး၊ အမျိုးသားရေးခံယူချက်တွေနဲ့ နိုင်ငံနဲ့ ပြည်သူအတွက် ဒီမိုကရေစီပင်ပျိုလေးကို ပျိုးထောင်ရေလောင်းပေါင်းသင်ပေးနေတာကို မြင်လို၊ တွေ့လိုလှပါပြီ။ ။

…ခုလို မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ အဆင့်(၄)ကို
…အထိ နိုင်ငံတော်နဲ့ ပြည်သူအားလုံးအနေနဲ့
…းနဲ့ အကြိုအကြားများစွာ ရင်းနှီးပေးဆပ်ခဲ့ကြရ
…ပေးဆပ်ခဲ့ကြပြီး အဆင့်(၄)ကျော်မှ ဘယ်လိုမှ
…တ်ပါဘူး။ အခုမှ ပြန်ပြီးဆွေးနွေးကြပါဦးစို့လို့
…င့်ပါဘူး။ ဒါ့အပြင် နောင်လာမယ့်အဆင့်တွေမှာ
…ရှိသူအားလုံး လွတ်လပ်မျှတစွာ ပါဝင်နိုင်ဖို့
…ဖြစ်ပါတယ်။ ဥပဒေနဲ့ အညီသာ ပြုမူလိုက်နာ
…ရော၊ ဝါရင့်အဖွဲ့ပါ အားလုံးပါဝင်ခွင့်ရမှာ
…ကရေစီရေး အလှည့်အပြောင်းအတွက် အခုလို
…အခြေအနေမျိုးမှာ အေးချမ်းတည်ငြိမ်မှု၊ ဖွံ့ဖြိုး
…နဲ့ပြည်သူအားလုံးအတွက် အဓိကလိုအပ်ချက်

လမ်းပန်းဆက်သွယ်ရေးဝေးလံသော ပြည်နယ်/တိုင်းများမှ တက္ကသိုလ်ဝင်အောင်စာရင်းများ အသံလွှင့်ကြေညာပေးမည်

နေပြည်တော် ဇွန် ၂၁

၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများအတွက် လမ်းပန်းဆက်သွယ်ရေးဝေးလံသော ပြည်နယ်နှင့်တိုင်းများရှိ စာစစ်ဌာနအချို့မှ အောင်စာရင်းများကို နေပြည်တော် မြန်မာ့အသံရေဒီယိုအစီအစဉ်က ဇွန်၂၁ရက်(စနေနေ့) နံနက်ရနာရီ သတင်းအပြီးတွင် ၄၁၁ဒသမ၇၅မီတာ၊ လှိုင်းလတ်မီတာ၅၂၀နှင့်၅၀၅မီတာတို့မှ အသံလွှင့်ကြေညာပေးမည်ဖြစ်သည်။

ကြေညာ

ထိုသို့ကြေညာရာတွင် ကချင်ပြည်နယ် (တနိုင်း၊ မချမ်းဘော၊ ပူတာအို၊ နောင်မွန်း၊ ဖားကန့်၊ ဆွမ်ပရာဘွမ်နှင့် ချီဖွေ)၊ ကရင်ပြည်နယ်(ဖာပွန်၊ ကြာအင်းဆိပ်ကြီးနှင့် ကမမောင်း)၊ ချင်းပြည်နယ်(ကန်ပက်လက်၊ မတူပီ၊ မင်းတပ်နှင့် ပလက်ဝ)၊ ရခိုင်ပြည်နယ်(ဌ၊ ကျိန္တလီ၊ ဇရပ်ကုန်းခင်နှင့် မာန်အောင်)၊ ရှမ်းပြည်နယ် [မိုးမိတ်၊ နမ့်ဆန်(မြောက်)၊ မိုင်းဆတ်၊ မိုင်းကိုင်၊ ကွမ်းလုံ၊ မိုင်းတုံ၊ မိုင်းပျဉ်း၊ မိုင်းယန်း၊ မောက်မယ်၊ မိုင်းယောင်း၊ ကျေးသီးမံစံ၊ ကွန်ဟိန်း၊ ဟိုပန်၊ မိုင်းခတ်၊ မိုင်းပန်၊ မိုင်းဖြတ်၊ မဘိမ်း၊ မိုင်းရှူး၊ တုန်ဟုန်း၊ မန်တုံနှင့်လောက်ကိုင်]၊ တနင်္သာရီတိုင်း(ပုလော၊ ဘုတ်ပြင်းနှင့် ပလ)၊ မကွေးတိုင်း(ပေါက်၊ ထီးလင်း၊ ဆော၊ လောင်းရှည်၊ ကျောက်ထု၊ စေတုတ္တရာနှင့် ငဖဲ)၊ စစ်ကိုင်းတိုင်း (နန်းယွန်း၊ လေရှီးနှင့် လဟယ်)၊ ရန်ကုန်တိုင်း (ကိုကိုးကျွန်း)စသည့် စာစစ်ဌာနများကို ကြေညာပေးသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇွန် ၂၀

မုန်တိုင်းတိုက်ခတ်မှုကြောင့်ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)မှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၃၅ဒသမ၈၆၄တန်၊ အမေရိကန်ပြည်ထောင်စုမှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၃၂ဒသမ၇၇တန်နှင့် အာရပ်စော်ဘွားများ ပြည်ထောင်စု(UAE)အခြေစိုက် ကုလသမဂ္ဂဒုက္ခသည်များ ဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)မှလှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၄၀ဒသမ၄တန်တို့သည် ယနေ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာကြသည်။ **(သတင်းစဉ်)**

သွေးလွန်တုပ်ကွေး ကာကွယ်ရေး

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် သာယာကုန်းရပ်ကွက်၊ ယုဇနပလာဇာ၊ အောင်သပြေလမ်း လမ်းသာယာရေးကော်မတီတို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေး ကာကွယ်ရေး ကြိုတင်ခြင်ဆေးဖျန်းခြင်းဆောင်ရွက်စဉ်။ (သတင်းစဉ်)

၁၂လရာသီ အလှစုံညီ မြင်သူရှုမဝ မြန်မာအမျိုးသမီးအလှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၀

၂၀၀၈ခုနှစ် ဇူလိုင်၃ရက်တွင် ကျရောက်သော မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်သောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က စီစဉ်တင်ဆက်မည့် **"၁၂လရာသီ အလှစုံညီ မြင်သူရှုမဝ မြန်မာအမျိုးသမီးအလှ"**ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို ဇွန် ၂၆ရက် ၂၇ရက်တို့တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်ဖြစ်သည်။

ကြိုတင်ဝယ်ယူနိုင်

အဆိုပါပြပွဲတွင် ရုပ်ရှင်နှင့်ဂီတနယ်မှ အနုပညာရှင်များ ပါဝင်မည်ဖြစ်ရာ လက်မှတ်များကို အမျိုးသားဇာတ်ရုံ၌ ကြိုတင်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဇူလိုင်လထုတ် နွယ်သာကီမဂ္ဂဇင်း ထွက်ပြီ

ရန်ကုန် ဇွန် ၂၀

ယနေ့လူငယ်သည် အနာဂတ်တိုင်းပြည်၏အဖိုးတန်ရတနာများဖြစ်သည်ဟု ခံယူ၍ လူငယ်မောင်မယ်များ ထူးချွန် ထက်မြက်လာစေရန် ရည်ရွယ်လျက် နွယ်သာကီမဂ္ဂဇင်း အမှတ်(၁၀)ကို အခန်းကဏ္ဍသစ်များ တိုးချဲ့ပြီး ဘက်စုံပညာ ထူးချွန်သူတစ်ဦးဖြစ်သည့် အထက (၂) စမ်းချောင်းမှ တက္ကသိုလ်ဝင်တန်းကျောင်းသူ မထွဋ်မြတ်နိုးအောင်၏ မျက်နှာဖုံးဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

လူငယ်တို့၏ ဗီဇစိတ်ဓာတ်ကောင်းမွန်ရေး၊ လုံ့လဝီရိယရှိရေး၊ နိုးကြားတက်ကြွရှိစေရေးအတွက် ပညာပေးဝတ္ထု၊ ကဗျာ၊ ဆောင်းပါးများဖြင့် စုစည်းထားသည်ဖြစ်ရာ အမှတ်တရဂါရဝအဖြစ် ဆရာဇော်ဂျီ၏ မျောလျက်သာပဲ၊ မင်းချမ်းမွန်၊ ချမ်းမြဆောင်း(ကလော)၊ ညိုလွှမ်းအောင်၊ မြတ်ဘုန်း(တပ်ကုန်း)၊ အောင်သာဆန်း(သံတွဲ)၊ ကိုကိုအောင်(မြကန်သာ)၊ ခမ်းစုဝင်းကြည်(သီပေါ)၊ ပုသိမ်မောင်ကြေးရည်၊ မောင်သင်းနွယ်(မြေပြန့်)၊ မင်းနီခိုင်(မောင်တော)တို့၏ အဖွင့်ကဗျာများ၊ မောင်ချစ်ညို(ပဲခူး)၏ ဗုဒ္ဓဝင်ရသ၊ တင်လင်းဇော်၊ သန့်စင်လတ်(ပညာရေး)၊ လေးလေးဆန်း၊ အောင်ကျော်ဆန်း၊ ချမ်းအေးမောင်၊ လှိုင်မြင့်ဦး၊ ပန်းတနော်နောင်လတ်၊ မောင်ဆန္ဒ(လယ်ဝေး)တို့၏ ကျောင်းသားရေးရာကဏ္ဍ၊ ဥက္ကာမင်း၏ ယတြာအဟော၊ မသဲဖြူ(ရွှေဘို)၊ မောင်မြင့်မား(ဘိုကလေး)၊ မင်းချမ်းမွန်၊ ဟန်သီဇင်၊ နန္ဒခင်(သက္ကလ)၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)တို့၏ ရသဝတ္ထုများနှင့်အတူ နီမင်းဆွေ၏တောင်ဆီမှာမိုးတွေသည်းပါလို့ အခန်းဆက်ဝတ္ထုရှည်တို့ ဖော်ပြထားသည်။

နွယ်သာကီမဂ္ဂဇင်းကို အမှတ် ၃၁၀ ဝါးတန်းလမ်း ရွှေပြည်စိုး စာပေတိုက် ရန်ကုန် ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန် ဖုန်း- ၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) အလက(၁) ရန်ကင်း(အရှေ့) ဖုန်း-၇၂၅၅၃၀နှင့် ရန်ကုန်၊ မန္တလေးနှင့်အမြို့မြို့ဆိုင်များတွင် ဝယ်ယူအားပေးနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၆-၂၀၀၈ ရက်
(စနေနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	'ချည်ထားမှန်းသိရင် ဖြေလိုက်ပါ' တရားတော် (ဓမ္မဒူတအရှင်ဆေကိန္ဒ ဆရာတော်)
၇:၅၀-၁:၅၀	'ဆုံးရှုံးမှုများမှသည် ဘက်စုံထူထောင်ရေး လုပ်ငန်းများဆီသို့' (မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်)
၈:၂၀-၂:၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၄၅-၂:၄၅	ရွှေမြိုင်ဆန်တန်းမှာမျှော်မှန်း 'မြတ်နိဗ္ဗာန်စခန်း' (အပိုင်း-၁)
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅	တေးဂီတအစီအစဉ်
၉:၃၀-၃:၃၀	နုယဉ်ဆန်းထွင် ပန်းအလှဆင် (စက်ဝိုင်းပုံပန်းထိုးနည်း) (ပန်းအိုးအကြီး)
၉:၄၅-၃:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀-၃:၅၀	တေးဂီတအစီအစဉ်
၉:၅၅-၃:၅၅	သီးနှံစိုက်ပျိုးအထွက်တိုး 'မတ်ပဲအထွက်တိုးစေရာ စိုက်ပျိုးနည်းပညာ'
၁၀:၀၅-၄:၀၅	မိုးလေဝသခန့်မှန်းချက်
၁၀:၁၀-၄:၁၀	မိုးရာသီတွင် အင်းလျားကန် ရေလျှံမှုမဖြစ်စေရေး ရေတံခါးတည်ဆောက်မှုအခြေအနေ
၁၀:၃၅-၄:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀-၄:၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၀-၄:၅၀	တစ်ပတ်အတွင်း အားကစားသတင်း
၁၁:၀၅-၅:၀၅	တေးဂီတအစီအစဉ်
၁၁:၁၀-၅:၁၀	ပန်းချီထဲမှ အလှတစ်ပါး ကျောက်စီပန်းချီကား
၁၁:၂၀-၅:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၅-၅:၂၅	Mandalay FM Logo ပြိုင်ပွဲ ဆုရသူများနှင့် တွေ့ဆုံခြင်း
၁၁:၄၅-၅:၄၅	တေးဂီတအစီအစဉ်
၁၁:၅၀-၅:၅၀	ရိုးရာအလုပ်မှာ နီးတောင်းနီးဖျာ
၁၂:၀၅-၆:၀၅	နိုင်ငံတကာ အနုပညာရေးရာ
၁၂:၂၅-၆:၂၅	အလှမျိုးစုံလင် တောင်လှေကား မြို့တော်တစ်ခွင်
၁၂:၄၅-၆:၄၅	တေးဂီတအစီအစဉ်
၁၂:၅၀-၆:၅၀	ထူးထူးခြားခြား ရာသီဥတုဖြစ်စဉ်များ
၁၂:၅၅-၆:၅၅	တေးဂီတအစီအစဉ်
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အာရှ-ဥရောပ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးမှ
ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇွန် ၂၀

အဋ္ဌမအကြိမ် အာရှ-ဥရောပ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးကို ဇွန် ၁၅ရက်မှ ၁၆ရက်အထိ ကိုရီးယားသမ္မတနိုင်ငံ ဂျေဂျူးမြို့ရှိ International Convention Center၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့သည်။

အဋ္ဌမအကြိမ် အာရှ-ဥရောပ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၆ရက် နံနက် ၉ နာရီက ကိုရီးယားသမ္မတနိုင်ငံ ဂျေဂျူးမြို့ရှိ International Convention Center ၏ Tamna Hall ၌ ကျင်းပရာ ကိုရီးယားသမ္မတနိုင်ငံ နည်းဗျူဟာနှင့် ဘဏ္ဍာရေးဝန်ကြီး Mr.Man Soo Kang က အဖွင့်အမှာစကားပြောကြားသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ ကိုရီးယားသမ္မတနိုင်ငံ ဂျေဂျူးမြို့ရှိ International Convention Center ၌ ကျင်းပသည့် အဋ္ဌမအကြိမ် အာရှ-ဥရောပ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး တက်ရောက်စဉ်။ (ဘဏ္ဍာ/အခွန်)

ကြိုဆိုနှုတ်ခွန်းဆက်စကား

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ Mr.Lee Myung Bak က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ကြုံတွေ့ခဲ့ရသည့်သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ဆုံးရှုံးမှုများအတွက် ဝမ်းနည်းကြောင်း ထည့်သွင်းပြောကြားသွားသည်။

သဘောတူခဲ့

ယင်းနောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဥရောပကော်မရှင်၊ ဥရောပဗဟိုဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့စသည့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာ စီးပွားရေး၊ ငွေရေးကြေးရေး ဖွံ့ဖြိုးတိုးတက်မှု အလားအလာများကို တင်ပြဆွေးနွေးကြသည်။ ထို့အပြင် ယင်းအစည်းအဝေးမှ ရလဒ်များဆိုင်ရာ တင်ပြချက်များအပေါ် ဘဏ္ဍာရေးဝန်ကြီးများက ပိုမိုပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း သဘောတူခဲ့ကြသည်။

အမြင်ချင်းဖလှယ်

ထို့နောက် ဥရောပနိုင်ငံများ၏ စီးပွားရေးပေါင်းစည်းခြင်းမှ ရရှိသည့် အတွေ့အကြုံများ၏ အာရှနိုင်ငံများအတွက် အရေးပါသော အကျိုးသက်ရောက်မှုများနှင့်စပ်လျဉ်း၍ ဥရောပကော်မရှင်ကပြုစုတင်ပြသည်။ဥရောပနှင့် အာရှဒေသအပြန်အလှန် မှီခိုမှုတိုးတက်နေချိန်တွင် ဥရောပ၏အတွေ့အကြုံများနှင့် သင်ခန်းစာများကို အခြေခံ၍ အာရှဒေသအနေဖြင့်အလေးထားသင့်သည့် ကိစ္စရပ်များအပေါ် ဝန်ကြီးများက ဆွေးနွေးညှိနှိုင်းအမြင်ချင်း ဖလှယ်ကြသည်။

ဆက်လက်၍ ဇွန် ၁၅ရက်က ကျင်းပခဲ့သည့် ဒုတိယဝန်ကြီးများ အစည်းအဝေး၌ဆွေးနွေးခဲ့သည့်ဥရောပစီးပွားရေးနှင့် အာရှစီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြောင်းအရာများကို ကိုရီးယားသမ္မတနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့က ဘဏ္ဍာရေးဆိုင်ရာ အခြေခံအဆောက်အအုံနှင့်အသေးစားဘဏ္ဍာငွေဖြည့်ဆည်းမှု ကဏ္ဍတို့တွင် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်း ဆောင်ရွက်မှုသည် အရေးပါသည့် လိုအပ်ချက်ဖြစ်ကြောင်း အဓိကတင်ပြကြပြီး ဝန်ကြီးများက ရာသီဥတု ပြောင်းလဲမှု ထိန်းသိမ်းခြင်းဆိုင်ရာနှင့် ဈေးကွက်စီးပွားရေးစနစ်ကို အခြေခံသော နည်းလမ်းများကိုလည်း ဆွေးနွေးကြသည်။

ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်

မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဝန်ကြီးဗိုလ်ချုပ်လှထွန်းကလည်း မြန်မာနိုင်ငံတွင် ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများအပေါ် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်နိုင်သည့် ပျက်စီးဆုံးရှုံးမှုများကို ကာကွယ်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့ကို ထည့်သွင်း ဆွေးနွေးခဲ့သည်။

ယင်းနောက် ဒုတိယဘဏ္ဍာရေးဝန်ကြီးများက ပြင်ဆင်တည်းဖြတ်ပြီးဖြစ်သည့် သဘာပတိ၏ ထုတ်ပြန်ချက်ကို ဝန်ကြီးများက ပြင်ဆင်ဖြည့်စွက်၍ အတည်ပြုဖြန့်ဝေကြပြီး အစည်းအဝေးကို ညနေ ၅နာရီခွဲတွင် ရုပ်သိမ်းခဲ့သည်။

ညစာစားပွဲတက်ရောက်

ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် ဇွန် ၁၅ရက် ည ၇နာရီတွင် ကိုရီးယားသမ္မတနိုင်ငံ နည်းဗျူဟာနှင့် ဘဏ္ဍာရေးဝန်ကြီးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲ၊ ဇွန် ၁၆ရက်ည ၇နာရီတွင် ICC Jeju ၌ ဂျေဂျူးပြည်နယ် အုပ်ချုပ်ရေးမှူးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲတို့သို့ တက်ရောက်ခဲ့သည်။

တက်ရောက်ဆွေးနွေး

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၅ရက်တွင် ကျင်းပခဲ့သည့် အာရှ-ဥရောပကွန်ဖရင့် အာရှ-ဥရောပ ဘဏ္ဍာရေး ဒုတိယအကြီးအကဲများ အစည်းအဝေးနှင့် သဘာပတိထုတ်ပြန်ချက်မူကြမ်း ပြုစုရေးဆိုင်ရာ အစည်းအဝေးများသို့လည်း တက်ရောက်၍ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက လေကြောင်းခရီးဖြင့် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြပြီး ဝန်ကြီးနှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းနှင့် ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာစိန်တို့ ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံ သံဃာ့ဆေးကုသဆောင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ စည်းဝေး

ရန်ကုန် ဇွန် ၂၀

မြောက်ဥက္ကလာပမြို့နယ် အထွေထွေရောဂါကုနှင့် သင်ကြားရေး ဆေးရုံကြီး၊ သံဃာ့ဆေးကုသဆောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဝေယျာဝစ္စအဖွဲ့ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန်၁၆ရက် နံနက်၁၀နာရီက ဆေးရုံကြီး ပြင်ပလူနာဆောင် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ သဘာပတိ ဆေးရုံအုပ်ကြီး ဒေါက်တာချစ်ကိုတင်က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ယင်းနောက် သံဃာ့ဆေးကုသဆောင် မတည်အလှူရှင်အဖွဲ့ နာယက ဦးလေးခက သံဃာ့ဆေးကုသဆောင်အတွက် မတည်လှူဒါန်းရခြင်းအကြောင်းနှင့် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းစဉ်များအားလည်းကောင်း၊ အဖွဲ့ဒုတိယဥက္ကဋ္ဌ(၂) ဦးမြင့်(ကျိုက်လတ်မိုးမြင့်)နှင့် အဖွဲ့အတွင်းရေးမှူး ဦးချိုအေး (ACA)တို့က ၁၉၈၅ခုနှစ်မှစ၍ သံဃာ့ဆေးကုသဆောင် စတင်ဖြစ်ပေါ်လာပုံနှင့် ယနေ့အထိ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဝေယျာဝစ္စလုပ်ငန်း ဆောင်ရွက်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ မြို့နယ်သွေးလှူရှင်အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို အသင်းအတွင်းရေးမှူး ဦးအေးကိုက ရှင်းလင်းတင်ပြပြီး အလှူငွေများ ပေးအပ်လှူဒါန်းရာ ဦးအေးမောင်-ဒေါ်ကြွေမိသားစု ဣန္ဒာ(၂)လမ်းက ငွေကျပ်တစ်သိန်း၊ ဦးလေးခ မိသားစု သုဓမ္မာလမ်းက အလှူငွေကျပ်တစ်သိန်း၊ (ခ)ရပ်ကွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်တစ်သိန်း၊ ပါမောက္ခ ဒေါက်တာ ဒေါ်အေးအေးသန်း၊ ပါမောက္ခ၊ ဌာနမှူး ရောဂါဗေဒဌာနက ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။ **(က-ပ)**

မြန်မာဇာတ်ကားသစ် ရုံမတင်နိုင်သေး တရုတ်ကွန်ဖူးဇာတ်ကား အပြိုင်ပြသ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် ဇွန် ၂၀

ယခုသောကြာပတ်တွင်လည်း မြန်မာဇာတ်ကားသစ်များရုံမဝင်နိုင်သေးဘဲ တရုတ်ကွန်ဖူး အကျော်အမော် မင်းသားနှစ်ဦးပါဝင်ထားသည့် The Forbidden Kingdom ဇာတ်ကားသာ ရွှေဆောင်နှင့် နေပြည်တော်ရုံများတွင် အပြိုင်ပြသနေသည်။

တရုတ်ကွန်ဖူးကား

ဇာတ်လမ်းမှာ အမေရိကန် ဆယ်ကျော်သက် တစ်ဦးဖြစ်သူ ဂျက်ဆင်က ရှေးဟောင်းတရုတ်တောင်ဝှေးတစ်ချောင်းကိုရပြီး ရှေးဟောင်းတရုတ်ပြည်ထဲ ရောက်သွားသည်။ ရှေးဟောင်းတရုတ်ပြည်တွင် အရက်မူး ကွန်ဖူးသမားကြီး ဂျက်ကီချန်း၊ ကွန်ဖူး ဘုန်းတော်ကြီး ဂျက်လီနှင့် ချောမောလှပသလောက် ကွန်ဖူးပညာကျွမ်းကျင်သည့် လျူယီဖေ့တို့နှင့် တွေ့ဆုံကာ ရှေးဟောင်းတောင်ဝှေးပိုင်ရှင် မျောက်မင်း(ဂျက်လီ)အား ပြန်ပေးရန် ကြိုးစားရာမှ မိစ္ဆာကျောက်စိမ်းစစ်သည်များနှင့်ရင်ဆိုင်တိုက်ပွဲဝင်ရပုံများကို ကွန်ဖူးကွက်ဆန်းဆန်း ရိုက်ချက်ကောင်းကောင်းဖြင့် တင်ဆက်ထားသော ကွန်ဖူး အက်ရှင် ဇာတ်ကားကောင်းတစ်ကားဖြစ်သည်။

မင်္ဂလာအဆင့်မြင့်ရုံတွင် ရတနာသိုက်ရှာဖွေသူ ဘင်ဂျမင်ဖလင်ကလင်က အမေရိကန် သမ္မတလင်ကွန်း လုပ်ကြံမှုကို ရှာပုံတော်ဖွင့်ရာမှ လက်ရှိသမ္မတကိုပင် ပြန်ပေးဆွဲရမည့်အခြေ ဆိုက်ရပုံများကို ဇာတ်လမ်းဆင်ရိုက်ကူးထားသည့် အမေရိကန် သမိုင်းနောက်ခံဖြစ်ရပ်မှန်အချို့ကို ဇာတ်လမ်းဆင်ရိုက်ကူးထားသော National Treasure II ဇာတ်ကား ပြသနေဆဲဖြစ်သည်။

နှလုံးသားစီရင်ခန်း ဒီဗွီဒီ ဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်း။

ဟော့ရှော့လည်းပြဆဲ

သမ္မတ၊ သွင်နှင့် ဝဇီရာရုံများတွင် ဒါရိုက်တာ ညီညီထွန်းလွင်၏ ဟော့ရှော့ဇာတ်ကား ဆက်လက်ပြသနေဆဲဖြစ်သည်။

ဟော့ရှော့ ဇာတ်ကားမှ စိုးရတနာနှင့် ဗေလုဝ။

နှလုံးသားစီရင်ခန်း

နေတိုး၊ အိန္ဒြာကျော်ဇင်တို့ ခေါင်းဆောင် ပါဝင်ပြီး ဇာတ်လမ်းနှင့် ဒါရိုက်တာ ဝိုင်းရိုက်ကူးသည့် **နှလုံးသားစီရင်ခန်း**အဆင့်မြင့်မြန်မာဗီဒီယိုဇာတ်ကားမှာ နဝဒေးနှင့် မဟာမြိုင်ရုံများတွင် ရုံဝင်လာသည်။

ဂျူးဂျူးလိုင်ဆိုသော တက္ကသိုလ်ကျောင်းသူလေးနှင့် မက်အိမ်စိုး ဆိုသော ရည်းစားများသူ၊ သစ္စာမရှိသူ တက္ကသိုလ် ကျောင်းသားလေးတို့၏ လှည့်စားတတ်သော သမီးရည်းစားဘဝကို ပျော်ရွှင်ဖွယ်၊ လွမ်းမောဖွယ်ဖြစ်အောင် ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

သံသရာခရီးသည်

ငွေရမည်ဆိုလျှင် ဘာမဆို လုပ်မည့်သူ ကျပန်းသမားတစ်ဦးက မာဖီးယားဂိုဏ်း ခေါင်းဆောင်ထံမှ ငွေများကိုလိမ်ယူကာ ထွက်ပြေးရာမှ မိအောင်ဖမ်းပြီးခိုင်းသမျှ လုပ်ပေးရသော ဘဝဇာတ်ကြောင်းကို ဖော်ကျူးထားသော **သံသရာခရီးသည်**အမည်ရ Musafir ဇာတ်ကားမြို့မရုံတွင် ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် ဆန်ဂျေးဒတ်၊ အနီးလ်ကာပူးရ်တို့ အဓိက ပါဝင်ထားသည်။

တမ်းတရသောနေ့ရက်များ

အနောက်တိုင်းဆန်သော မြီးကောင်ပေါက် သမီးသုံးယောက်နှင့် ဖခင်တစ်ဦးတို့ရဲ့ အဖြစ်ကို ဇာတ်လမ်းဆင်ထားသော **တမ်းတရသော နေ့ရက်များ**အမည်ရ Jaadein ဇာတ်ကားကို ဆုထူးပန်ရုံတွင် ကြည့်ကြရမည် ဖြစ်သည်။

ဘုရင့်ရုံတွင် ရှာရွတ်ခန်ခေါင်းဆောင်ပါဝင်ထားသော **ငါးဖော် စစ်သည် ရဲဇာနည်** အမည်ရ Army ဇာတ်ကား တစ်ကျော့ပြန် ရုံဝင်လာသည်။ ရှာရွတ်ခန်၏ အက်ရှင်ဇာတ်ကားကောင်းတစ်ကားဖြစ်သည်။ ။

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ပေါ်တူဂီနှင့်ဂျာမနီ နည်းပြများ၏ ရင်ဖွင့်သံများ

ဘာဆယ် ဇွန် ၂၀

ယူရို၂၀၀၈ အုပ်စုပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ ကွာတားဖိုင်နယ် ရှုံးထွက်ပွဲစဉ်ကို ဇွန် ၁၉ရက်မှ စတင်ကာ ပထမဦးဆုံး ရှုံးထွက်ပွဲစဉ်အဖြစ် အုပ်စု(က)မှ အုပ်စုဗိုလ် ပေါ်တူဂီအသင်းနှင့် အုပ်စု(ခ)မှ အုပ်စုဒုတိယဂျာမနီအသင်းတို့ ဆွစ်ဇာလန်နိုင်ငံ ဘာဆယ်မြို့တွင် ယှဉ်ပြိုင်ကစားကြရာ ဂျာမနီအသင်းက ပေါ်တူဂီအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ယင်းပွဲစဉ်အပြီး နည်းပြနှစ်ဦး၏ ရင်ဖွင့်သံကို ဖော်ပြလိုက်ပါသည်-

စကိုလာရီ၏ရင်ဖွင့်သံ

ပေါ်တူဂီနည်းပြ စကိုလာရီ

“ဒီလိုရလဒ် ရခဲ့တဲ့အတွက် ကျွန်တော့်အနေနဲ့ တကယ့်ကို စိတ်ပျက်ပြီး မချင့်မရဲဖြစ်ရပါတယ်။ ဒီပွဲမှာ ရှုံးနိမ့်ခဲ့တဲ့အတွက် ဆီမီးဖိုင်နယ်ရောက်ရေးဆိုတဲ့ ပေါ်တူဂီဘောလုံးအဖွဲ့ချုပ်ရဲ့ ရည်မှန်းချက်ကို ကျွန်တော်အောင်မြင်အောင် မဆောင်ရွက်နိုင်ခဲ့ပါဘူး။ အရေးကြီးတဲ့ပွဲတွေမှာ ဂျာမနီအသင်းဟာ ပိုကောင်းတတ်ပါတယ်။ ပေါ်တူဂီအသင်းဟာ ဆီမီးတက်မယ့် အကောင်းဆုံးလေးသင်းမှာပါနိုင်တဲ့ အရည်အချင်းရှိတယ်လို့ ယူဆထားတဲ့အတွက် ကျွန်တော့်အနေနဲ့ နေမထိထိုင်မသာဖြစ်ရပါတယ်။ ကျွန်တော်တို့အသင်းဟာ အမှားတွေလုပ်ခဲ့ပြီး ရလဒ်ကို ကောင်းအောင် မဖန်တီးနိုင်ခဲ့ပါဘူး။ ဒီပြိုင်ပွဲမှာ ကစားသမားတွေစွမ်းဆောင်ခဲ့မှုနှင့် ပတ်သက်ပြီး ကျေနပ်ပါတယ်၊ ဂုဏ်လည်းယူပါတယ်” ဟု ပေါ်တူဂီနည်းပြ စကိုလာရီက ရင်ဖွင့်ခဲ့သည်။

ဂျိုအာချင်လိုကပြောကြား

ဂျာမနီနည်းပြ ဂျိုအာချင်လို

“ကျွန်တော်တို့မှာရှိတဲ့ ရဲရင့်ပြောင်မြောက်မှုနဲ့ ကောင်းမွန်တဲ့ ပေါင်းစပ်ဆောင်ရွက်မှုတွေက အောင်မြင်မှုတွေကို ဆောင်ကြဉ်းပေးခဲ့တာပါပဲ။ ဒီလိုရပ်တည်မှုမျိုးရရှိဖို့ရာ အမှန်တကယ်ခက်ခဲပါတယ်။ ဩစတြီးယားနဲ့ပြိုင်ပွဲအပြီးမှာ ကျွန်တော်တို့ဟာ ပြောင်းလဲမှုအချို့ကို လုပ်ရမယ်ဆိုတာ မြင်ခဲ့ပါတယ်။ ကျွန်တော်တို့ ပေါ်တူဂီကွင်းလယ်ကို စိုးမိုးနိုင်ခဲ့လို့သာ ဒီလိုအောင်မြင်မှုကို ရခဲ့တာပါ”ဟု ဂျာမနီနည်းပြ ဂျိုအာချင်လိုက ပြောကြားခဲ့သည်။ (အင်တာနက်)

စီရိုနယ်ဒို၏ အနာဂတ်အတွက် ဆုံးဖြတ်ချက် ရီးရဲမျှော်လင့်စောင့်ဆိုင်းနေဟုဆို

မက်ဒရစ် ဇွန် ၂၀

မန်ယူတောင်ပံကစားသမား စီရိုနယ်ဒို(အောက်ပုံ)သည် အနာဂတ်အတွက် ၎င်း၏ရည်ရွယ်ချက်အမှန်ကို ထုတ်ဖော်ပြောကြားရန် စောင့်ဆိုင်းနေကြောင်း ရီးရဲမက်ဒရစ်အသင်းက အတည်ပြုပြောကြားသည်။

ပရီမီယာလိဂ်ချန်ပီယံ မန်ယူသည် ပေါ်တူဂီအသင်းခေါင်းဆောင် စီရိုနယ်ဒိုအား ၂၀၁၂ခုနှစ်အထိ စာချုပ်ထားပြီဖြစ်၍ အိုးထရက်ဖို့ဒ်၌သာ ကစားစေလိုသည်။

အခိုင်အမာပြောကြား

စီရိုနယ်ဒိုသည် မကြာမီက ရီးရဲမက်ဒရစ်၌ ကစားရန်ဆန္ဒရှိကြောင်း ပြောကြားခဲ့သည့်စကား ရှိထားသည်။ မိမိတို့အနေဖြင့် ဖြစ်နိုင်လျှင် စီရိုနယ်ဒိုခေါ်ယူရေးအတွက် မန်ယူနှင့်သဘောတူညီချက်တစ်ရပ် ရစေလိုကြောင်း ရီးရဲမက်ဒရစ် ညွှန်ကြားရေးမှူးချုပ် မီဂဲလ်အိန်ဂျယ်အာရီယိုက ပြောကြားသည်။ စီရိုနယ်ဒိုက ယူရို၂၀၀၈ ပြိုင်ပွဲ ယှဉ်ပြိုင်မှုမပြီးမချင်း အနာဂတ်အတွက် ဆွေးနွေးမည်မဟုတ်ကြောင်း အခိုင်အမာပြောကြားထားသည်။ (အင်တာနက်)

ရုရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရေး အဆင်သင့်ဖြစ်နေဟု နယ်သာလန်ခံစစ်မှူး ဘိုလာရုဇ်ပြောကြား

ဘာဆယ် ဇွန် ၂၀

ယူရို၂၀၀၈ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ရုရှားနှင့် ယှဉ်ပြိုင်ရမည့်ပွဲစဉ်အတွက် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း နယ်သာလန်အသင်းမှ ကစားသမား ခါလစ်ဘိုလာရုဇ်**(အောက်ပုံ)**က ပြောကြားခဲ့သည်။ လမစေ့မီ မွေးဖွားခဲ့သော သမီးငယ်သေဆုံးခဲ့ပြီးနောက် စိတ်ဓာတ်ရေးရာ ပုံမှန်ပြန်ဖြစ်လာသော ၎င်းက ထိုကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

ခေတ္တပြန်

အုပ်စု(ဂ)တွင် နယ်သာလန်အသင်း အနိုင်ရ အောင်ပွဲဆင်နိုင်ခဲ့သည့် သုံးပွဲစလုံးတွင် ပါဝင်ကစားပေးခဲ့သူ ခံစစ်မှူး ဘိုလာရုဇ်သည် ဇွန်၁၈ရက်က သူ၏ဇနီးသည် ဆေးရုံတင်ခဲ့ရမှုကြောင့် နယ်သာလန်နိုင်ငံသို့ ခေတ္တပြန်သွားခဲ့ရသည်။

ဘိုလာရုဇ်သည် ဇွန်၁၉ရက်က ဘာဆယ်မြို့တွင် အသင်းနှင့်လေ့ကျင့်ကွင်း ပြန်ဆင်းနေပြီဟု သိရသည်။ (အင်တာနက်)

ဝင်ဘယ်ဒန်တင်းနစ်ပထမအုပ်စုပတ်လည်ပြိုင်ပွဲ မူရေးနှင့်ဆန်တိုရိုတို့ဆုံတွေ့မည်

လန်ဒန် ဇွန် ၂၀

ဗြိတိန်နံပါတ်တစ် တင်းနစ်ကစားသမား အန်ဒီမူရေးသည် ဝင်ဘယ်ဒန် ပထမအုပ်စုပတ်လည်ပြိုင်ပွဲတွင် ပြင်သစ်တင်းနစ်သမား ဖက်ဘရိုက်ဆန်တိုရိုနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မူရေးသည် ကမ္ဘာ့ နံပါတ်နှစ် ရာဖေးနာဒယ်နှင့် သရေကျအောင် ကစားနိုင်သူဖြစ်သည်။

ဆုံတွေ့ဖွယ်

ခြောက်ကြိမ်မြောက်ဖလား ဆွတ်ခူးရန်မျှော်မှန်းထားသော ကမ္ဘာ့နံပါတ်တစ် ရော်ဂျာဖက်ဒရားသည် ဗိုလ်လုပွဲရောက်သည့်တိုင်အောင် နာဒယ်နှင့်တွေ့နိုင်မည်မဟုတ်ပေ။ သို့သော်လည်း ကမ္ဘာ့နံပါတ်သုံး ဒီကိုဂျိုဗစ်နှင့် ဗိုလ်လုပွဲတွင် ဆုံတွေ့ဖွယ်ရှိသည်။

ဖက်ဒရားသည် ဆုဖလားကာကွယ်ပွဲအဖြစ် ဒိုမင့်ခ်ဟာဘတီနှင့် ယှဉ်ပြိုင်ကစားစဉ်တွင် နာဒယ်သည် အင်ဒရီယာဘက်ခ်နှင့် ကစားရဖွယ်ရှိသည်။ (အင်တာနက်)

ယူရို၂၀၀၈ ၌ အသက်ငယ်ဆုံးနည်းပြဘီလစ်ဖြစ်လာ ခရိုအေးရှားအသင်းအား ဗိုလ်လုပွဲရောက်အောင် ပို့ဆောင်မည်

ဗီယင်နာ ဇွန် ၂၀

ခရိုအေးရှားအသင်းနည်းပြ ဆလာဗင်ဘီလစ်သည် ယူရို၂၀၀၈ပြိုင်ပွဲ ကွာတားဖိုင်နယ် ရှုံးထွက်ပြိုင်ပွဲအဆင့်ရောက် နည်းပြများတွင် အသက်ငယ်ဆုံးဖြစ်လာသည်ဟု သတင်းတစ်ရပ်၌ ဖော်ပြသည်။

ဘီလစ်သည် သူ၏ ခရိုအေးရှားအသင်းအား ယူရို ၂၀၀၈ ဗိုလ်လုပွဲသို့ ရောက်အောင်ပို့ဆောင်ရန် ခန့်မှန်းထားကြောင်း၊ ထို့အတွက် အသင်းကို အကောင်းဆုံးအနေအထားသို့ရောက်အောင် အထူးပြင်ဆင်ထားကြောင်း၊ ဗိုလ်လုပွဲသို့ရောက်အောင် စွမ်းဆောင်နိုင်ရန်အတွက် ပြိုင်ဘက်များကို ခက်ခဲစွာ ကျော်ဖြတ်မည်ကို သိသော်လည်း တရားသောနည်းဗျူဟာမျိုးစုံသုံး၍ ကျော်ဖြတ်မည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။ (အင်တာနက်)

နယ်သာလန်နဲ့ရုရှား ကွာတားပွဲကြိုသုံးသပ်မှု

ဘန်း ဇွန် ၂၀

ယူရို၂၀၀၈ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဇွန် ၂၂ရက်မှာ နယ်သာလန်နဲ့ ရုရှားတို့ ယှဉ်ပြိုင်ကစားကြရမှာဖြစ်ပါတယ်။ နယ်သာလန် အသင်းဟာ အီတလီကို သုံးဂိုး-ဂိုးမရှိ၊ ပြင်သစ်ကို လေးဂိုး-တစ်ဂိုး၊ ရိုမေးနီးယားကို နှစ်ဂိုးပြတ်နဲ့နိုင်ပြီး ကွာတားဖိုင်နယ် ရောက်ရှိလာတဲ့အသင်းဖြစ်ပြီး ပွဲတိုင်း ခြေစွမ်းပြနိုင်တဲ့အသင်းဖြစ်ပါတယ်။

နိုင်ပွဲရ

နယ်သာလန် အသင်းနည်းပြ ဗန်ဘက်စတန်ဟာ အုပ်စုဖွဲ့မြန်နှုန်းမြင့်ကစားနည်းကို စနစ်တကျ ကစားစေနိုင်ခဲ့တာကြောင့် ဂိုပြတ်သွင်းပြီး နိုင်ပွဲတွေ ဆက်တိုက်ရခဲ့တာဖြစ်ပါတယ်။ နယ်သာလန်အလယ်တန်းမှာ ဒီရောင်၊ အင်ဂျလာတို့က အထက်အောက်ကစားနိုင်ကြသလို ဗန်ဒါဗက်ကလည်း အဓိကကစားသမားအဖြစ် လိုက်ပါကစားနိုင်ပြီး နစ္စတယ်ရွိုင်းနောက်က နောက်ချန်တိုက်စစ်မှူးအဖြစ်လည်း ခြေစွမ်းပြတဲ့သူ ဖြစ်ခဲ့ပါတယ်။ ရှနိုက်ဒါနဲ့ ဒါကွတ်စ်တို့ရဲ့ တောင်ပံတိုက်စစ်တွေကလည်း ထိရောက်မှုရှိတာမို့ ဒီပွဲမှာ ဘက်စုံအားသာချက်ရှိတဲ့ နယ်သာလန်တို့ နိုင်ပွဲရမယ်လို့ ယူဆပါတယ်။

မသေချာ

ဒါပေမယ့် ရုရှားရဲ့ ထူးခြားချက်ကနည်းပြပါပဲ၊ ရုရှားနည်းပြ ဂူဟစ်ဒင့်ဟာ နယ်သာလန် နိုင်ငံသားဖြစ်ပါတယ်။ နယ်သာလန်အသင်းနည်းပြအဖြစ်လည်း တာဝန်ယူခဲ့သူဖြစ်တာမို့ နယ်သာလန်အသင်းရဲ့ အထာကိုကောင်းကောင်း သိရှိနေသူပါပဲ၊ ရုရှားဟာ စပိန်ကိုရှုံးခဲ့ပေမယ့် ဂရိနဲ့ ဆွီဒင်ကို အနိုင်ရခဲ့တာမို့ ကွာတားတက်လာခဲ့ပေမယ့် ခြေစွမ်းကတော့ အားရစရာမရှိပါဘူး။ ရုရှားတိုက်စစ်မှူးတွေဖြစ်တဲ့ ပေါ်လက်ချင်ကိုနဲ့ အာရှာဗင်တို့ အတွဲညီပြီး ထိုးဖောက်အားကောင်းပေမယ့် အဆုံးသတ်ကတော့ မသေချာပါဘူး။

နယ်သာလန်နဲ့ ရုရှားတို့ဆုံတွေ့ခဲ့ဖူးတဲ့ မှတ်တမ်းကိုကြည့်ရင် ၁၉၆၇ ခုနှစ်က ရုရှားကို နယ်သာလန်က သုံးဂိုး-တစ်ဂိုးနဲ့နိုင်ပြီး ၁၉၉၀ပြည့်နှစ် ယူရိုပွဲမှာတော့ ရုရှားက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့ ၂၀၀၇ခုနှစ်မှာ နယ်သာလန်က လေးဂိုး-တစ်ဂိုးနဲ့ ပြတ်ပြတ်သားသားအနိုင်ရရှိခဲ့တဲ့ ရလဒ်တွေရှိနေတာမို့ ဒီနှစ်သင်းရဲ့ ဖြစ်နိုင်တဲ့အဖြေကို ချိန်ထိုးကြည့်ရင်တော့ နယ်သာလန်တို့ အရေးသာတာကတော့ အမှန်ပါပဲ။ (အင်တာနက်)

ကွင်းလယ်ကစားသမား ရီဘာရီ ဘွန်ဒက်စ်လီဂါအဖွင့်ပွဲစဉ်များနှင့် လွဲမည်

ပါရီ ဇွန် ၂၀

ပြင်သစ်နှင့် ဘိုင်ယန်မြူးနစ် ကွင်းလယ်ကစားသမားရီဘာရီ**(ယာပုံ)**သည် ဒူးခေါင်းအမာရွတ် ခွဲစိတ်ပြီးနောက် ဘွန်ဒက်စ်လီဂါ ပြိုင်ပွဲအဖွင့်ပွဲစဉ်များနှင့် လွဲချော်လိမ့်မည်ဖြစ်ကြောင်း ၎င်းကလပ်ကပြောကြားသည်။

ဒဏ်ရာရ

အသက် ၂၅နှစ်ရှိ ရီဘာရီသည် ယူရို၂၀၀၈တွင် အီတလီအသင်းကို ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်၌ ဒူးခေါင်းဒဏ်ရာရခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ စောစောပိုင်းက ၎င်း၏ဒဏ်ရာမှာမူ ခြေထောက်ကျိုးသွားပြီဖြစ်ကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။ သို့သော်လည်း ဓာတ်မှန်ရိုက်ပြီးနောက် ဒူးခေါင်းအရွတ် စုတ်ပြတ်သွားခဲ့ကြောင်း ဓာတ်မှန်တွင်ဖော်ပြသည်။ (အင်တာနက်)

ဘလက်ဘန်းနည်းပြသစ် ပေါလ်အင့်ဖြစ်လာဖွယ်ရှိ

လန်ဒန် ဇွန် ၂၀

ပေါလ်အင့်သည် ဘလက်ဘန်းအသင်းနည်းပြ ဖြစ်လာနိုင်ကြောင်း ၎င်းကလပ်က ပြောကြားသည်။

ပေါလ်အင့်

ဘလက်ဘန်းနည်းပြ မက်ဟူချ် ထွက်သွားပြီးနောက် ပေါလ်အင့်သည် ဘလက်ဘန်းနည်းပြတာဝန်ယူရန် နံပါတ်တစ်ပစ်မှတ်ထားနေသူဖြစ်သည်။

အင်္ဂလန်အသင်းနည်းပြဟောင်း မက်ကလာရင်နှင့် ဂီတာဖေးလ်နည်းပြဟောင်း မိုက်ကယ်လောက်ဒရပ်တို့သည်လည်း ဘလက်ဘန်းအသင်းနှင့် အဆက်အသွယ်ပြုလုပ်ခဲ့သည်။ ဘလက်ဘန်းဥက္ကဋ္ဌကလည်း ယင်းရာထူးနေရာအတွက် မည်သည့်နည်းပြများကိုမျှ ကမ်းလှမ်းထားခြင်း မရှိသေးဟုဆိုသည်။ **(အင်တာနက်)**

တိုက်စစ်မှူး အဒီဘာယောအား အေစီမီလန်က ခေါ်ယူရန်ကြိုးစားနေ

လန်ဒန် ဇွန် ၂၀

အာဆင်နယ်တိုက်စစ်မှူး အဒီဘာယောအား ဝယ်ယူရန် ပစ်မှတ်ထားနေကြောင်း၊ လန်ဒန်ကလပ်နှင့် ဆွေးနွေးရန် ကြိုးစားနေဆဲဖြစ်ကြောင်း အေစီမီလန်အသင်းက ထုတ်ဖော်ပြောကြားသည်။

အဒီဘာယော

အသက် ၂၄နှစ်ရှိ အဒီဘာယောအား ၂၀၀၇ခုနှစ်က နှစ်ရှည်စာချုပ် ချုပ်ဆိုထားကြောင်း၊ အေစီမီလန်အသင်းအနေဖြင့် စပါးအသင်းတိုက်စစ်မှူး ဘာဘာတော့ဗ်နှင့်ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာတို့အားလည်း အဆက်အသွယ်ပြုလုပ်ထားကြောင်း အေစီမီလန်ကလပ်က ပြောကြားသည်။ (အင်တာနက်)

လီဗာပူးနည်းပြ ငွေကြေးဖြည့်တင်းနေ ဒေးဗစ်ဆီလ်ဗာကိုခေါ်ယူရန် ခြေဦးပြန်လှည့်

လန်ဒန် ဇွန် ၂၀

လီဗာပူးနည်းပြရာဖေးလ်ဘင်နီတက်ဇ်သည် ဗလင်စီယာကွင်းလယ်ကစားသမားဒေးဗစ်ဆီလ်ဗာကို ခေါ်ယူရန် ပစ်မှတ်ထားနေသည်။

ခြေလှမ်း

အသက်၂၂နှစ် ဆီလ်ဗာကို ဗလင်စီယာက ပေါင်သန်း၂၀ဈေးဆိုနေသဖြင့် ငွေကြေးမတတ်နိုင်ဘဲဖြစ်နေသည်။ ထို့ကြောင့် ဘင်နီတက်ဇ်သည် ဂရက်ဘာရီနှင့် ဒေါ့ဆီနာဘက်သို့လှည့်ပြီး အာရုံစိုက်နေသည်။ ထိုကစားသမားများကို ခေါ်ယူစာချုပ်နိုင်ရေးအတွက် ငွေကြေးဖြည့်တင်းရန် အလွန်ဆို၊ ပီတာခရော့ချ်၊ စကော့ကာဆန်နှင့် ပင်းနန့်တို့ကို ရောင်းထုတ်ရမည်ဖြစ်သည်။ ရီဆီအားရီးမားသို့ရောင်းချရာမှ ပေါင်လေးသန်းနီးပါး စုမိနေပြီဖြစ်ရာ လာမည့်နွေရာသီတွင် ဆီလ်ဗာဘက်သို့ ခြေလှမ်းလှမ်းမည်ဖြစ်သည်။ (အင်တာနက်)

မြင့်မောင်စိုးနှင့် ချစ်စိုးနိုင် စုစည်းသည်

21-6 (11).pmd 1 6/21/2008, 2:25 AM

မော်လမြိုင်ကျွန်းမြို့နယ်ရှိ ကျေးရွာများ ပြန်လည်ထူထောင်မှုမြင်ကွင်း

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - ထိန်လင်း

ရန်ကုန် ဇွန် ၂၀

မော်လမြိုင်ကျွန်းမြို့ "အသင့်"ရေယာဉ်ဆိပ်ရောက်တော့ နံနက် ၅နာရီ မိနစ် ၃၀။ အသင့်ရေယာဉ်ဆိပ်၌ တပ်မတော်အရာရှိများ၊ အကြပ် စစ်သည်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများကား အလုပ်များလျက် ရှိနေကြသည်။ သင်္ဘောပေါ်သို့ ကုန်ပစ္စည်း တင်နေသူများ၊ စက်လှေဖြင့် လေဘေးသင့်ခံရသည့်ကျေးရွာများသို့ ပြန်လည်ထူထောင်ရေး သွားရောက်လုပ်ဆောင်ကြမည့် အဖွဲ့များနှင့် လှုပ်လှုပ်ရှားရှား ရှိနေသည်။ ယနေ့ခရီးစဉ်မှာ မော်လမြိုင်ကျွန်းမြို့နယ်အတွင်း လေဘေးဒဏ်ဆိုးရွားစွာ ခံစားခဲ့ရသည့် ငွေဇင်ယော်နှင့် ငါးတန်တစ်ရာကျေးရွာများသို့ ပြန်လည်ထူထောင်ရေး ပစ္စည်းများကို အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်က လိုက်လံဖြန့်ဝေပေးမည့် ခရီးစဉ်ဖြစ်သည်။

ဝန်ကြီးနှင့်အတူ ဌာနဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ လိုက်ပါလာသော ရွှေငွေးမြင့် သင်္ဘောသည် မော်လမြိုင်ကျွန်းမြို့မှ နံနက် စောစော ထွက်ခွာလာခဲ့သည်။ မြစ်ကမ်းဝဲယာတွင် လယ်ယာလုပ်ငန်းခွင် ဝင်ရောက်နေသည့် မြင်ကွင်းများ၊ မြစ်အတွင်း ငါးပိုက်ချနေသော ရေလုပ်သားများ၊ ခရီးသည်နှင့် ကုန်တင်ရေယာဉ်များကို တွေ့ရသည်။ သင်္ဘောလက်ရန်းကို ကိုင်ကာ ပတ်ဝန်းကျင်မြင်ကွင်းကို လှေ့လာကြည့်ရှုနေစဉ် မော်လမြိုင်ကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင် ရောက်လာပြီး လေဘေးသင့်ခံရပြီးနောက် မြို့နယ်အတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ပြောပြလေသည်။

"မြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်အောင် တခြားမြို့နယ်တွေက အထွေထွေအုပ်ချုပ်ရေးဦးစီးမှူး ခုနစ်ဦးကို အင်အားဖြည့် ခေါ်ယူပြီး ကျေးရွာအုပ်စုတွေအလိုက်ခွဲပြီး တာဝန်ယူ လုပ်ကိုင်နေပါတယ်။ ဒါမှ ပြန်လည်ထူထောင်ရေးလုပ်တဲ့အခါ ကျေးရွာတစ်ရွာချင်းအလိုက် နီးနီးကပ်ကပ် ကြီးကြပ်နိုင်မှာ ဖြစ်လို့ပါပဲ။ နောက်ပြီး ကျွန်တော်တို့ မြို့နယ်အတွင်းမှာ ကယ်ဆယ်ရေးစခန်းက နေရပ်ပြန်သွားကြတဲ့ မိသားစုတွေနဲ့ ကျေးရွာမှာ ကျန်ရှိနေထိုင်နေကြတဲ့ မိသားစုတွေကို စနစ်တကျစစ်ဆေးပြီး ခြောက်လစာအတွက် စားနပ်ရိက္ခာ အဆင်ပြေအောင်လဲ စီစဉ်ဆောင်ရွက်နေပါတယ်"ဟု ဦးအောင်ကျော်ခိုင်က ပြောပြသည်။

မှန်ပေသည်။ မြစ်ကမ်းနံဘေးရှိ အောင်လှိုင်အဝရွာနှင့် မြင်းကကုန်းရွာကို သင်္ဘောပေါ်မှ လှမ်းကြည့်ရာ အိမ်များအတွင်း ဆန်အိတ်ပိုင်းအချို့ကို တွေ့ရှိရသည်။ တချို့က နံနက်စာချက်ပြုတ်နေကြသလို တချို့က လယ်ယာလုပ်ငန်းခွင်ဝင်နေကြသည်ကို တွေ့ရသည်။ ဆန်၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ စသည့် ရိက္ခာများကို မိသားစု တစ်စုချင်းအလိုက် အပတ်စဉ် စနစ်တကျ ဝေငှပေးလျက်ရှိကြောင်း ကျေးရွာများသို့ လေ့လာရေး သွားရောက်ခဲ့စဉ်က တွေ့မြင်ခဲ့ရသည်။

"တောင်သူလယ်သမားတွေအတွက် တစ်ဧကကို မျိုးစပါး နှစ်တင်းနှုန်း ရရှိအောင်လဲ ဆောင်ရွက်ပေးနေပါတယ်။ လေဘေးဒဏ်ခံရပြီး ရေနစ်မြုပ်မှု ရှိမရှိကိုတော့ စနစ်တကျစစ်ဆေးပြီး ဖြည့်ဆည်းပေးနေပါပြီ။ မော်လမြိုင်ကျွန်းမြို့နယ်အတွင်းမှာ လေဘေးဒဏ်ခံရတဲ့ လယ်ဧကပေါင်း ၆၂၀၆၁ ဧက ရှိပါတယ်။ မျိုးစပါးလိုအပ်တဲ့ ဧကကတော့ ၄၉၇၂၂ ဧကဖြစ်တာမို့ မျိုးစပါး တင်းပေါင်း ၉၉၄၄၄ တင်း ဖြည့်ဆည်းပေးရမှာဖြစ်ပါတယ်။ ဒီနေ့အထိ တောင်သူလယ်သမားတွေကို ပထမအကြိမ် မျိုးစပါးတင်းပေါင်း ၁၇၆၄၄တင်း ဖြန့်ဝေပေးခဲ့ပြီး အခုမျိုးစပါး တင်းပေါင်း ၃၀၀၀၀ ကို ထပ်မံပေးလျက်ရှိနေပါတယ်။ လိုအပ်တဲ့ မျိုးစပါးတွေကို ဆက်တိုက်ဖြန့်ဖြူးဖို့ ဆောင်ရွက်နေပါတယ်"ဟုလည်း ဦးအောင်ကျော်ခိုင်က ရှင်းပြသည်။

သင်္ဘောပေါ်မှ မြစ်ကမ်းဝဲယာ တစ်လျှောက်တွင် စိမ်းစိုနေသော ပျိုးခင်းများကို မပြတ်တမ်းမြင်တွေ့ရသည်။ဂုံညင်းတန်းနှင့် ကျုံလတာကျေးရွာများ ဝန်းကျင်တွင် ကျွဲ၊ နွားများအပြင် လက်တွန်းထွန်စက်များဖြင့် ထွန်ယက်နေသည်ကို တွေ့ရသည်။ လက်တွန်းထွန်စက်ပေါင်း ၁၉၁စီး ဖြန့်ဝေပေးမည်ဖြစ်ရာ ယခုအချိန်အထိ ၁၄၇စီး ဖြန့်ဝေပေးနိုင်ခဲ့သဖြင့် ကျေးရွာများတွင် လက်တွန်းထွန်စက်များ အသုံးပြု ထွန်ယက်နေကြသည်ကို မြင်တွေ့နေရခြင်းဖြစ်သည်။ထို့အပြင်ကျွဲကောင်ရေ ၆၀ကိုလည်း အမှန်တကယ် လိုအပ်သော တောင်သူများအား ဖြန့်ဝေလျက်ရှိရာ အချို့လယ်မြေများ၌ ကျွဲများဖြင့် ထွန်ယက်နေကြသည်ကို လှမ်းမြင်ခဲ့ရသည်။ ထို့ကြောင့် မော်လမြိုင်ကျွန်းမြို့နယ်တွင် ယခုအချိန်အထိ ထွန်ယက်ပြီး ဧက ၆၂၁၉ ဧကရှိနေပြီ ဖြစ်သည်။

"တောင်သူတွေကို လက်တွန်းထွန်စက် ဖြန့်ဝေပေးတဲ့အခါ တစ်ဧကကို စက်သုံးဆီ နှစ်ဂါလံနှုန်း ပေးနေပါတယ်။ ဒါကလဲ ထွန်ယက်တဲ့ တောင်သူတွေအတွက် အခက်အခဲ မရှိအောင်လို့ပါ။ နောက်ပြီး ကျေးရွာစာသင်ကျောင်းတွေကို အမြန်ပြုပြင်တည်ဆောက်နိုင်ခဲ့လို့ အခုဆိုရင် မြို့နယ်အတွင်း စာသင်ကျောင်းတွေ ရာနှုန်းပြည့်နီးပါး ကျောင်းဖွင့် စာသင်ကြားနိုင်နေပြီဖြစ်ပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က ရှင်းပြသည်။

သင်္ဘောပေါ်မှနေပြီး ကြည့်လျှင် ကျေးရွာအတော်များများသည် မြစ်ကမ်းအနီး တည်ဆောက်ထားကြသည့် ရွာများကို တွေ့ရသည်။ ထို့ကြောင့် ကျေးရွာစာသင်ကျောင်းများ အားလုံးနီးပါးကို သင်္ဘောပေါ်မှ လှမ်းမြင်ရသည်။ အမိုးအကာများ ပြည့်စုံစွာဖြင့် စာသင်နေကြသည့် ကလေးငယ်များ၊ သင်္ဘောဥသြသံကြောင့် ပြတင်းပေါက်မှ လက်ပြနှုတ်ဆက်နေသည့် ကလေးငယ်များကို တွေ့ရသည်။

ဘိုးတီလွတ်ရွာ အလွန်အရောက် မိုးက သည်းထန်စွာ ရွာလေသည်။ လေပါ ထန်လာသဖြင့် သင်္ဘောကို ဖြည်းဖြည်း ခုတ်မောင်းရသည်။ သဲဖြူရွာနှင့် ကျုဟုန်းရွာနား အရောက်တွင် အနီးဝန်းကျင် လှမ်းမြင်၍မရအောင် မိုးက သည်းလာသည်။ ကွင်းချောင်းရွာကို ကျော်သည် အထိ မိုးကမစဲ။ငွေဇင်ယော်ရွာကို သင်္ဘောကမ်းကပ်ချိန်၌လည်း မိုးကကောင်းနေဆဲပင်။ မိုးတဖွဲဖွဲ ရွာနေသည့်ကြားမှပင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်နှင့် အဖွဲ့ ငွေဇင်ယော် ကျေးရွာအတွင်း ဆင်းကာ ဆန်၊ အဝတ်အထည်၊ အစားအစာ၊ အသုံးအဆောင်ပစ္စည်းများနှင့် လယ်ယာသုံး ကိရိယာများကို ကိုယ်တိုင် လက်ရောက် တစ်ဦးချင်း ပေးဝေသည်။ ကျေးရွာသားများက ဝမ်းသာမဆုံး ပီတိပြုံးများ မျက်နှာများပေါ်တွင် ဝေလျက်ရှိသည်။

ထို့နောက် ငွေဇင်ယော်ရွာတွင် နေထိုင်သူ မသူဇာအား မေးမြန်းကြည့်ရာ **"ကျွန်မတို့က လယ်ယာလုပ်ကိုင်ပါတယ်။ လေဘေးသင့်ပြီး မော်လမြိုင်ကျွန်းမြို့ ကယ်ဆယ်ရေးစခန်းက ပြန်လာတာပါ။ ကိုယ့်ရပ် ကိုယ့်ဒေသမှာပဲ နေထိုင်လုပ်ကိုင်ချင်တဲ့ စိတ်ပဲရှိနေလို့ ကယ်ဆယ်ရေးစခန်းမှာ ကြာကြာလဲ မနေနိုင်ပါဘူး။ အခုအိမ်မှာ ဆန်တစ်တင်းလောက်ရှိပါတယ်။ အဝတ်အထည်နဲ့အသုံးအဆောင်တွေလဲ ရပါတယ်။ မျိုးစပါးကတော့ ရေစိမ်ထားပြီး ရက်ပိုင်းအတွင်းမှာ ပျိုးကြဲ စိုက်ပျိုးတော့မှာပါ"**ဟု ဖြေကြားသည်။ ငွေဇင်ယော်ကျေးရွာတွင် တာပေါ်လင်စများ မိုးထားသော နေအိမ်များကို စနစ်တကျ စီတန်းစွာတွေ့ရသည်။ နေအိမ်များ၌ အလျား ၁၅ပေ၊ အနံ ၁၂ပေရှိသော တာပေါ်လင်စများ မိုးထားပြီး နေအိမ်အမြင့်မှာ သုံးပေခန့်ရှိသည်။ ဝန်ကြီးနှင့်အဖွဲ့သည် ငွေဇင်ယော်ကျေးရွာအတွက် မျိုးစပါး တင်းပေါင်း ၂၄၉၆တင်းနှင့် လက်တွန်းထွန်စက် ၁၁စီး ကိုလည်း ပေးအပ်ခဲ့သည်ကို တွေ့ရသည်။

ထို့နောက် ရွှေငွေးမြင့်သင်္ဘောဖြင့် ဆက်လက်ထွက်ခွာလာခဲ့ရာ တစ်နာရီခန့်၌ ငါးတန်တစ်ရာကျေးရွာသို့ ရောက်လေသည်။ ငါးတန်တစ်ရာကျေးရွာသည် လယ်ယာလုပ်ကိုင်သူနှင့် ရေလုပ်ငန်း လုပ်ကိုင်သူ ထက်ဝက်ခန့်ရှိသော ရွာဖြစ်သည်။ လေဘေးဒဏ်ကို ဆိုးရွားစွာခံစားခဲ့ရသည့် ရွာလည်း ဖြစ်သည်။ ဝန်ကြီးနှင့်အဖွဲ့က သင်္ဘောပေါ်မှ ဆင်းကာ စောင်၊ ခြင်ထောင်၊ အဝတ်အထည်၊ အစားအစာနှင့်လယ်ယာသုံးကိရိယာကို ပေးလေသည်။ ကျေးရွာသားများ ပစ္စည်းများရရှိသဖြင့် ပျော်ရွှင်လျက်ရှိသည်။ ပစ္စည်းများ ပွေ့ပိုက်ထားသူ တစ်ဦးကို မေးမြန်းရာ **"နာမည်က မကြည်ကြည်ဝင်းပါ၊ လယ်ယာလုပ်ကိုင်ပါတယ်။ မျိုးစပါးတွေရလို့ ပျိုးကြဲတော့မှာပါ။ တာပေါ်လင်စ၊ ဆန်နဲ့ အဝတ်အထည်တွေလဲ ရပါတယ်။ သီးခြားတိုက်ရိုက်လာလှူတဲ့ အလှူရှင်တွေရဲ့ ပစ္စည်းတွေလဲရပါတယ်။ အိမ်လဲပြန်ဆောက်ပြီးသွားပါပြီ"**ဟုဖြေကြားသွားသည်။ ငါးတန်တစ်ရာရွာတွင် အိမ်ခြေ ၁၀၀ကျော်ရှိရာ အိမ်အတော်များများကိုမော်လမြိုင်ကျွန်းမြို့နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ကော်မတီကပံ့ပိုးမှုဖြင့် ပြန်လည်တည်ဆောက်ထားသည်ကို တွေ့ရသည်။

ငါးတန်တစ်ရာ ကျေးရွာ စာသင်ကျောင်းမှာလည်း ပြန်လည်ပြုပြင်ပြီးစီးနေပြီဖြစ်ရာ ကျောင်းဖွင့် စာသင်ကြားနေသည်ကို တွေ့ရသည်။ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များလည်း ရရှိနေသဖြင့် ကလေးငယ်များ အဆင်ပြေစွာ စာသင်နိုင်ကြပြီဖြစ်သည်။ ထို့နောက် ငါးတန်တစ်ရာကျေးရွာမှ ပြန်လည်ထွက်ခွာခဲ့ရာ မော်လမြိုင်ကျွန်းမြို့သို့ ညနေ ၅ နာရီတွင် ပြန်လည်ရောက်ရှိခဲ့သည်။ ။

(မြန်မာ့အလင်း)

ပျိုးကြဲ စိုက်ပျိုးတော့မှာပါ။
မသူဇာ
(ငွေဇင်ယော်ကျေးရွာ)

အိမ်လည်း ပြန်ဆောက်ပြီးသွားပါပြီ။
မကြည်ကြည်ဝင်း
(ငါးတန်တစ်ရာကျေးရွာ)

ငါးတန်တစ်ရာ အခြေခံပညာ မူလတန်းကျောင်း ပြန်လည်ပြုပြင် ပြီးစီးမှုကို တွေ့ရစဉ်။

မော်လမြိုင်ကျွန်းမြို့နယ် ငါးတန်တစ်ရာကျေးရွာ မြစ်ကြောင်းတစ်လျှောက်တွင် ပိုက်ချနေသော ရေလုပ်သားကြီးများ။

ငွေဇင်ယော်ကျေးရွာ တောင်သူလယ်သမားများ စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် လက်တွန်းထွန်စက်များနှင့် မျိုးစပါးများကို ဤသို့ ဖြန့်ဝေပေးခဲ့သည်။

ငွေဇင်ယော်ကျေးရွာ

မော်လမြိုင်ကျွန်းမြို့နယ် ငွေဇင်ယော်ကျေးရွာ။

စေတနာ့ဝန်ထမ်းအလုပ်သင်ဆရာဝန်များအဖွဲ့ လေဘေးသင့်ကျေးလက်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိ

ရန်ကုန် ဇွန် ၂၀

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် လေဘေးသင့်ဒေသပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ အလုပ်သင်ဆရာဝန်များပါဝင်သော ဆေးကုသရေးအဖွဲ့သည် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ဆိပ်ကြီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲကို အခြေပြု၍ တော်ခရမ်းအရှေ့ကျေးရွာ မဟာသီလာစာရာရွာမ ရွာဦးကျောင်းတိုက်၌ ပြည်သူ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ကွင်းဆင်းကုသ

စေတနာ့ဝန်ထမ်း အလုပ်သင်ဆရာဝန်များအဖွဲ့တွင် အဖွဲ့ကြီးကြပ်သူအဖြစ် ကွမ်းခြံကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစောကလျာက ဆောင်ရွက်ပြီး ဆေးတက္ကသိုလ်(၂) ဥပဒေရေးရာ ဆေးပညာဌာနမှ သရုပ်ပြဒေါက်တာရဲထွန်းမင်းက ဦးဆောင်ကာ ဆေးကာကွယ်ပေးသူအဖြစ် ဒေါက်တာခင်သူဇာဝင်းတို့ လိုက်ပါ၍ အလုပ်သင်ဆရာဝန် ကိုးဦးအဖွဲ့သည် ဆိပ်ကြီး၊ မြတ်လေးရုံ၊ ညောင်ဝိုင်း၊ တော်ခရမ်း အရှေ့နှင့် ကျွန်းချောင်းကျေးရွာများသို့ ကွင်းဆင်းကုသပေးလျက်ရှိသည်။

အဆိုပါ အလုပ်သင်ဆရာဝန် အဖွဲ့(၁)သည် လူနာပေါင်း ၃၀၀ကျော်အား စမ်းသပ်ကုသပေးနိုင်ခဲ့ပြီး ဝမ်းပျက် ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ကူးစက်ရောဂါများ ဖြစ်ပွားကူးစက်မှုမရှိစေရန် ကျန်းမာရေးအသိပညာပေး ဟောပြောကြသည်။

ပညာပေးဟောပြော

စေတနာ့ဝန်ထမ်း အလုပ်သင်ဆရာဝန်များ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်အားဒါန ပေးလှူဆောင်ရွက်မှုနှင့်အတူ ကျေးလက်ကျန်းမာရေးဌာနခွဲမှ အခြေခံကျန်းမာရေး ဝန်ထမ်းများကလည်း အာဟာရဖွံ့ဖြိုးရေး၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက် ဝမ်းလျှော ရောဂါ ကာကွယ်နှိမ်နင်းရေး အသိပညာပေးဟောပြောပွဲကို ဆောင်ရွက်ခဲ့ကြသည်။

စမ်းသပ်စစ်ဆေး

စေတနာ့ဝန်ထမ်း အလုပ်သင်ဆရာဝန်များအဖွဲ့(၂)ကို လက်ထောက်ဆရာဝန် ဒေါက်တာဒေါ်ဥမ္မာညွန့်တင် ခေါင်းဆောင်၍ အလုပ်သင်ဆရာဝန် ငါးဦးတို့သည် တောင်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဇွန် ၁၆ရက်မှ စတင်၍ ဆေးခန်း ဖွင့်လှစ်ကာ လူနာများအား ရောဂါစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ လူနာ ၃၀၀ကျော်အား ကျန်းမာရေးစောင့်ရှောက်မှု စမ်းသပ် စစ်ဆေးကုသ ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၀၈)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီလုပ်ငန်း ညှိနှိုင်းစည်းဝေး ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇွန် ၂၀

ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၈)ကို ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျောင်းသုံးစာအုပ်များရိုက်နှိပ်ဖြန့်ချိရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်၍ အမှာစကား ပြောကြားရာတွင် ယခုအစည်းအဝေးသည် ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်ပုံနှိပ်ဖြန့်ချိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့မှုအပေါ် သုံးသပ်ဆွေးနွေးခြင်းနှင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်ရိုက်နှိပ်ဖြန့်ချိရေးအတွက် ပြင်ဆင်ညှိနှိုင်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ပုံနှိပ်ဖြန့်ချိရာတွင်လည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက် (၆)ချက်ဖြစ်သည့် (၁) ကျောင်းသားကျောင်းသူများလက်ဝယ်သို့ ဖတ်စာအုပ်များ အချိန်မီရောက်ရှိစေရန်၊ (၂) ဈေးနှုန်းချိုသာ၍ တစ်ပြေးညီနှုန်း ဖြစ်စေရန်၊ (၃) ဖတ်စာအုပ်များ၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို အရည်အသွေး ကောင်းသထက်ကောင်းအောင် ဆောင်ရွက်ရန်၊ (၄) ဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရာတွင် လေလွင့်ဆုံးရှုံးမှု မရှိစေရန်၊ (၅) နိုင်ငံတော်ပိုင် ပုံနှိပ်စက်များဖြင့်သာ ပုံနှိပ်ရန်၊ (၆) ဖတ်စာအုပ်များ လက်ဆင့်ကမ်းသည့် စနစ်ကိုကျင့်သုံးရန် စသည်တို့ကို လိုက်နာဆောင်ရွက်ကြစေရန်နှင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် ရိုက်နှိပ်ရမည့်စာအုပ်အရေအတွက်၊ ရိုက်နှိပ်ပြီးစီးရမည့်ကာလ၊ ဖြန့်ဝေပေးပို့ရမည့်ကာလနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ရေးဆပ်ကော်မတီ အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြား ရေးမှူး ဦးအောင်ငြိမ်းက ၂၀၀၇ ခုနှစ် မေ ၉ရက်တွင် ကျင်းပခဲ့သော အစည်းအဝေး မှတ်တမ်း၊ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ပြီးစီးမှုများကို ဖတ်ကြားတင်ပြပြီး ကျောင်းသုံး ဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိ ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျောင်းသုံးစာအုပ်များ ဖြန့်ချိရေးဆပ်ကော်မတီဥက္ကဋ္ဌ ပညာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက ယခင်နှစ် လုပ်ငန်းဆောင်ရွက် ပြီးစီးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး လာမည့်နှစ် ဆောင်ရွက်ရမည့် အစီအမံ များနှင့် အချိန်မီဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ထားရှိမှုတို့ကို ဆွေးနွေးတင်ပြသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကျန်းမာရေး စောင့်ရှောက်

စေတနာ့ဝန်ထမ်းအလုပ်သင်ဆရာဝန်များအဖွဲ့ ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းအရှေ့ကျေးရွာ မဟာသီလာစာရာရွာမ ရွာဦးကျောင်းတိုက်၌ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။ (ကျန်းမာရေး)

တက္ကသိုလ်ဝင်တန်း ပညာဒါနဖွင့်လှစ်မည်

ရန်ကုန် ဇွန် ၂၀

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ကံကြီးပိုင်း ဗိုလ်ချုပ်လမ်း သီရိဓေယျာ (ကသစ်ကုန်း) ကျောင်းတိုက်တွင် အရွယ်ရောက်သူတိုင်းအထက်တန်းပညာသင်ကြားနိုင်ရေးကို ရှေးရှု၍ ဆရာတော် ဘဒ္ဒန္တ ဝဏ္ဏသာရက နာသုံးနာဖြင့် ပြည့်စုံကြသော ဆရာ ဆရာမတို့ကို ဦးဆောင်ပြီး ၂၀၀၈-၂၀၀၉ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ဖြေဆိုကြမည့်ကျောင်းသူ ကျောင်းသားများ အား ဒုတိယအကြိမ် အခမဲ့ပညာဒါနကို ဇွန် ၂၆ရက်တွင် စတင်ဖွင့်လှစ်သင်ကြား ပေးမည်ဖြစ်သည်။ တက်ရောက်သင်ကြား လိုသူများသည် အဆိုပါကျောင်းတိုက်၌ စာရင်းပေးသွင်း တက်ရောက် ပညာ သင်ကြားနိုင်ပြီး သင်ထောက်ကူမှတ်စု စာအုပ်စာတမ်းများ၊ စာရေးကိရိယာများ ကို ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ကံကြီးပိုင်း ဗိုလ်ချုပ်လမ်း သီရိဓေယျာ (ကသစ်ကုန်း)ကျောင်းတိုက် ပညာဒါန ဆရာတော်ထံသို့ ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ရောဂါတိုင်းမှ တိုင်းရင်းဆေးမှူးများ လေဘေးသင့်ဒေသများသို့ ကွင်းဆင်းကုသ

ရန်ကုန် ဇွန် ၂၀

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ဧရာဝတီတိုင်း တိုင်းဦးစီးဌာနမှူး ဦးသိန်းဝင်းဦးဆောင်၍ ခရိုင်နှင့် မြို့နယ် တိုင်းရင်းဆေးမှူးများ၊ ပုသိမ်တိုင်းရင်းဆေးရုံမှ ဆရာ ဆရာမများ၊ ဒေသခံဆရာများ ၅၉ ဦးပါဝင်သော အဖွဲ့ ၁၁ ဖွဲ့သည် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ခံရသော ကျေးရွာများ၌ မေ ၅ရက်မှ ဇွန် ၃ရက် အထိ လူနာ ၂၄၅၇၅ ဦးကိုလည်းကောင်း၊ တိုင်းရင်းဆေး ဆရာ ဆရာမ ၅၅ ဦးပါဝင်သော အဖွဲ့ ၁၇ ဖွဲ့သည် ဇွန် ၆ ရက်မှ ၁၆ ရက်အထိ လူနာ ၃၁၀၅၂ ဦးကို လည်းကောင်း ဆေးကုသပေးခြင်း၊ ဆေးပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (ယာပုံ)

(သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

ယခုရာသီကာလသည် ဝမ်းပျက် ဝမ်းလျှောရောဂါဖြစ်ပွားတတ်သည့်အချိန် ဖြစ်ပါသည်။ မသန့်ရှင်းသောရေ သောက်သုံးခြင်းနှင့် မသန့်ရှင်းသော အစားအသောက်များစားသုံးခြင်းတို့ကြောင့် ဝမ်းပျက် ဝမ်းလျှောရောဂါများ ဖြစ်ပွားနိုင်ပါသည်။ သို့ဖြစ်ပါ၍-

ဝမ်းပျက် ဝမ်းလျှောရောဂါကိုကာကွယ်နိုင်ရန်အတွက်-

- ကလိုရင်းဆေးခတ်ထားသော ရေ(သို့မဟုတ်) ကျိုချက်ထားသော ရေကိုသာလျှင် သောက်သုံးကြရန်၊
- သန့်ရှင်းလတ်ဆတ်သော ပူနွေးသည့်အစာများကိုသာ စားသုံးကြရန်၊
- ယင်နားစာမစားရန်နှင့် အစာများကို ယင်မနားအောင် ဖုံးအုပ်ထားကြရန်၊
- ကလေး၊ လူကြီးအားလုံး သန့်ရှင်းသော ယင်လုံအိမ်သာကို သုံးစွဲကြရန်၊
- အစာမစားမီနှင့် အညစ်အကြေးကိုင်တွယ်ပြီးတိုင်း လက်ကို စင်ကြယ်အောင် ဆေးကြောကြရန်၊
- အညစ်အကြေးများကို စနစ်တကျစွန့်ပစ်ကြရန်၊

(ထုံးဖြူးခြင်း၊ မြေဖုံးခြင်း၊ မီးရှို့ခြင်းများကို ဆောင်ရွက်ရန်)

ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပါက အနီးဆုံးကျန်းမာရေးဌာနသို့ အမြန်ဆုံးပြသရန်နှင့် လူနာများတွေ့ရှိက ကျန်းမာရေးဌာနသို့ အမြန်ဆုံး သတင်းပေးပို့ကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

နှစ်(၅၀)ပြည့် မဟာသုဗောဓာရုံ

အရှင်အာဒိစ္စဝံသ
(ဆားလင်းကြီး)

ဗုဒ္ဓရှင်တော်မြတ် တည်ထောင်တော်မူအပ်သော ထေရဝါဒ ဗုဒ္ဓသာသနာတော်၌ သာသနာ့ဝန်ထမ်း ရဟန်း သာမဏေတို့၏ ပဓာနဖြစ်သော သာသနာ့လုပ်ငန်း၊ သာသနာ့တာဝန်မှာ နှစ်မျိုးသာရှိသည်။

(၁) ဂန္ထဓူရ = စာပေကျမ်းဂန် သင်အံပို့ချရေးလုပ်ငန်း

(၂) ဝိပဿနာဓူရ = သမထဘာဝနာ၊ ဝိပဿနာဘာဝနာ လုပ်ငန်းတို့ကို ကျင့်ကြံအားထုတ်ရေးလုပ်ငန်းတို့ ဖြစ်သည်။

သာသနာ့ဝန်ထမ်း ရဟန်းမှန်သမျှ ထိုလုပ်ငန်းတို့ကို ကြိုးပမ်းအားထုတ်ကြသဖြင့် မြန်မာနိုင်ငံ၏ ထေရဝါဒ ဗုဒ္ဓသာသနာသည် တည်တံ့ထွန်းလင်းလျက်ရှိသည်။ ဂန္ထဓူရ၊ ဝိပဿနာဓူရ စသည့် ဓူရနှစ်ပါးစလုံး ထွန်းကားနေသော ဒေသကို ညွှန်ပြပါဟု ဆိုလာပါက စစ်ကိုင်းတောင်ရိုးကို ညွှန်ပြရသော် သင့်နိုးအံ့ဟု ယူဆမိပါသည်။ စစ်ကိုင်းတောင်၌ ဂန္ထဓူရ စာပေကျမ်းဂန် သင်အံပို့ချနေသော စာသင်တိုက်များ ရှိသည်။ ရဟန်းတော်များသာမက သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများကလည်း ကျောင်းတိုက်တည်ထောင်၍ စနစ်တကျအုပ်ချုပ်ကာ စာပေပို့ချနေသည်။ ဝိပဿနာဓူရကို ကြိုးပမ်းအားထုတ်နေကြသော ဝိပဿနာဓူရကျောင်းတိုက်များလည်း ရှိနေသည်။

ရှေးခေတ်နှင့်မတူ သီတဂူရေအလှူတော်စသော ရေပေးရေးလုပ်ငန်းများ ရှိနေရာ ရေအတွက် အနေမခက်တော့ပေ။ ဝါးချက် ဇီဝိတဒါနဆေးရုံ၊ သီတဂူ အာယုဒါနဆေးရုံများရှိနေရာ ရဟန်းသာမဏေ သီလရှင်များ ကျန်းမာရေးအတွက်လည်း အားကိုးရာရှိနေသည်။ ကမ္ဘာအနှံ့ သာသနာဖြန့်ဖို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီးကိုလည်း ဖွင့်လှစ်ထားသည်။

ယင်းသို့ ဘက်စုံပြည့်စုံနေသဖြင့် ဂန္ထဓူရ၊ ဝိပဿနာဓူရနှစ်ပါးစလုံး ထွန်းကားရာဒေသကို စစ်ကိုင်းတောင်ရိုးဟု အဆိုပြုခဲ့ခြင်း ဖြစ်သည်။ စစ်ကိုင်းတောင်ရိုးသည် ရှေးခေတ်က တောင်ဖီလာဆရာတော် စသော ထင်ရှားသော ဆရာတော်ကြီးများသီတင်းသုံးတော်မူကြရာ သာသနာ့သမိုင်းတွင် ထင်ရှားသော ဒေသဖြစ်သည်။ ယနေ့ မျက်မှောက်ခေတ်တွင်လည်း ထူးခြားသော ပရိယတ္တိစာသင်တိုက် တစ်တိုက်ရှိနေပါသည်။ စစ်ကိုင်းတောင်ရိုးအတက် လမ်းအရှေ့ဘက်တွင် တည်ရှိသော မဟာသုဗောဓာရုံကျောင်းတိုက် ဖြစ်ပါသည်။

မဟာသုဗောဓာရုံကျောင်းတိုက်သည် တစ်အူထုံ့ဆင်း နောင်ညီအရင်း မထေရ်ခြောက်ပါး တည်ထောင်သော ကျောင်းတိုက်ဖြစ်၍ ထူးခြားသော ကျောင်းတိုက်ဟု ဆိုခြင်းဖြစ်ပါသည်။ တစ်မိတည်းဖွား ရဟန်းတော်ကိုးပါး သီတင်းသုံး၍ "ကိုးကျောင်း"ဟုလည်း ခေါ်ကြောင်း အရပ်စကား ကြားခဲ့ရဖူးပါသည်။

မဟာသုဗောဓာရုံကျောင်းတိုက်ကို အထက်တွင် ဆိုခဲ့သည့်အတိုင်း မြန်မာသက္ကရာဇ် ၁၃၂၀ ပြည့်နှစ် နယုန်လပြည့် မဟာသမယနေ့တွင် တစ်မိတည်းဖွား နောင်တော် ညီတော်ခြောက်ပါး တည်ထောင်တော်မူခဲ့ကြသည်။ မဟာသုဗောဓာရုံကျောင်းတိုက်တည် ကျောက်စာကို ပါဠိ-မြန်မာ နှစ်ဘာသာဖြင့် ရေးထိုးထားသည်။ ထိုအနက် မြန်မာကျောက်စာကိုသာ ဖော်ပြလိုက်ပါသည် -

> **"ဤမဟာသုဗောဓာရုံကျောင်းတိုက်ကို သာသနာတော်နှစ် ၂၅၀၂ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၂၀ ပြည့်နှစ် နယုန်လပြည့်နေ့ (ခရစ် ၁၉၅၈ ဇွန် ၁ ရက်)တွင် အရှင်နာရဒ၊ အရှင်ဝိမလာဘိဝံသ၊ အရှင်ဉာဏဗလ၊ အရှင်ဥတ္တရ၊ အရှင်ဂန္ဓသာရ၊ အရှင်နန္ဒမာလာဘိဝံသ ဓမ္မာစရိယဘွဲ့ရ အရင်းအခြာ ညီတော်နောင်တော် ခြောက်ပါးတို့ စတင်တည်ထောင်အပ်သည်။ ဤကျောင်းတိုက်ကြီး အစွန့်ရှည်ပါစေ"**

ဟု ရေးထိုးထားသည်။

ကျောင်းတိုက်တည် ညီတော်နောင်တော် ဆရာတော်ခြောက်ပါးသည် မန္တလေးတိုင်း စဉ့်ကူးမြို့နယ် ညောင်ပင်ရွာ ခမည်းတော် ဦးစံလှ မယ်တော် ဒေါ်ခင်တို့မှ ဖွားမြင်ခဲ့ကြသော သားရတနာများ ဖြစ်ကြသည်။ သားတော်ခြောက်ပါးသာ ရဟန်းဖြစ်ခဲ့သည်မဟုတ်ပေ။ ခမည်းတော်ကြီး ဦးစံလှသည် ရဟန်းပြု၍ ဦးဥကောဒယဘွဲ့မည်ဖြင့် လွန်တော်မူခဲ့သည်။ မယ်တော်ကြီး ဒေါ်ခင်သည်လည်း သီလရှင်ဝတ်ပြီး ဒေါ်ဝံသသဂ္ဂီဘွဲ့မည်ဖြင့် ဘဝဇာတ်သိမ်းခဲ့သည်။ ပါရမီဖြင့် လာခဲ့ကြသော သာသနာ့မိသားစုဟု ဆိုထိုက်လှပါသည်။ ညီတော်နောင်တော် ခြောက်ပါး စုပေါင်း၍ ကျောင်းတိုက်တည်ရုံသာမကပေ။ ညီတော်နောင်တော် ခြောက်ပါး၏ ပရိယတ္တိစာပေ အရည်အချင်းကလည်း အောက်ပါအတိုင်း မြင့်မားလှပါသည် -

(၁)	အရှင်နာရဒ	သာသနဓဇ သိရီပဝရ ဓမ္မာစရိယ
(၂)	အရှင်ဝိမလာဘိဝံသ	သ·စ·အ ဓမ္မာစရိယ ဝိသိဋ္ဌဒီဃဘာဏက
(၃)	အရှင်ဉာဏဗလ	ဓမ္မာစရိယ
(၄)	အရှင်ဥတ္တရ	ဓမ္မာစရိယ ဒီဃဘာဏက
(၅)	အရှင်ဂန္ဓသာရ	ဓမ္မာစရိယ
(၆)	အရှင်နန္ဒမာလာဘိဝံသ	သ·စ·အ ဓမ္မာစရိယ ပါဠိပါရဂူ သာမဏေကျော်

မဟာသုဗောဓာရုံဟူသော ကျောင်းတိုက်အမည်၌ 'သုဗောဓ' သဒ္ဒါသည် နိုးကြားခြင်းအနက်ကို ဟောသည်။ ဂန္ထဓူရ၊ ဝိပဿနာဓူရ ဓူရနှစ်ပါး၌ နိုးကြားတက်ကြွသော ညီတော် နောင်တော်ခြောက်ပါး တည်ထောင်၍ သုဗောဓာရုံဟု ကမွည်းထပ်ခဲ့ခြင်း ဖြစ်သည်။

"ဗုဒ္ဓမြတ်စွာသာသနာ၌ နှစ်ဖြာဓူရ မြတ်ဓမ္မဖြင့် တက်ကြွနိုးကြား လွန်ကြိုးစားသည် ခြောက်ပါးနောင်ညီ မြတ်မထေရ်တို့ ဦးတည်ဖော်ပြ သုဗောဓ တည့်သညာ ပြည့်စုံခေါ်ရတုံသည်"ဟု ကျောင်းတိုက်အမည်ကို မော်ကွန်းထိုးထားသည်။ ကိုယ်တော်ခြောက်ပါးအနေဖြင့် မိမိတို့သာ ပရိယတ္တိလုပ်ငန်း၊ ပဋိပတ္တိလုပ်ငန်းတို့၌ နိုးကြားခဲ့သည်မဟုတ်ပေ။ "သိဿနွယ်ဖွား တပည့်များလည်း ဆင့်ပွားခေါ်ရာ သုဗောဓာဟု ပညာမြင်မြော် ပုဂ္ဂိုလ်ကျော်တို့ စံပျော်ကြရာ ကျောင်းဝိဟာမို့ သညာပြည့်စုံ ခေါ်ရတုံသည် သုဗောဓာရုံ မော်ကွန်းတည်း"ဟု ကျောင်းတိုက်အမည်ကို မော်ကွန်းထိုးထားသည်။

ကျောင်းတိုက်တည်ထောင်စက စာချ ခုနစ်ပါး၊ စာသင်သား ၁၂ ပါး ပေါင်း ၁၉ ပါးသာ ရှိခဲ့သည်။ ယခုအခါတွင်ကား သံဃာတော် ၁၅၀ ကျော် ရှိသည်။ ပရိယတ္တိလုပ်ငန်း၌ ကြိုးပမ်းနိုးကြားသော စာသင်သားများ များလှသဖြင့် ပထမငယ်၊ ပထမလတ်၊ ပထမကြီး၊ ဓမ္မာစရိယတန်း၊ သာမဏေကျော်၊ သကျသီဟ ဓမ္မာစရိယ၊ စေတိယင်္ဂဏ ဓမ္မာစရိယဘွဲ့ရ ပုဂ္ဂိုလ်ကျော်များ ထွန်းကားပေါ်ထွက်လာသည်။ အရှင်အဘိဇာတာဘိဝံသသည် ဓမ္မာစရိယ (၉)ဘွဲ့၊ ပါဠိပါရဂူ(၃)ဘွဲ့၊ ဝိဒူ(၅)ဘွဲ့၊ မဟာဝိဒူ(၃)ဘွဲ့နှင့် နိကာယုဇ္ဈောတက အာဒိကမ္မိက တိပိဋကရေဘွဲ့ စာမေးပွဲပေါင်း ၆၀ ကျော်ကို ဖြေဆိုအောင်မြင်တော်မူခဲ့သည်။ ၁၃၆၈ ခုနှစ်တွင် နိုင်ငံတော်အစိုးရ တိပိဋကရေ ဘွဲ့ထူးကို ဆွတ်ခူးရရှိတော်မူသည်။ မဟာသုဗောဓာရုံသည် ပရိယတ္တိစာပေလောကတွင် ထူးခြားသော အောင်မြင်မှုများကို ရရှိခဲ့လေသည်။

မဟာသုဗောဓာရုံကျောင်းတိုက်တည် ပဓာန နာယကဆရာတော် ဘဒ္ဒန္တနာရဒသည် ၁၃၅၃ ခုနှစ်တွင် နိုင်ငံတော်အစိုးရဆက်ကပ်သော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ပေးလှူတော်ခံရသည်။ ၁၃၆၈ ခုနှစ် သက်တော် ၈၂ နှစ်တွင် နိုင်ငံတော်အစိုးရက ဆက်ကပ်သော သာသနာတော်ဘွဲ့တံဆိပ် အဆင့်မြင့်ဆုံးဖြစ်သော အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ဖြင့် ပူဇော်ဆက်ကပ်ခြင်း ခံတော်မူသည်။

ညီတော်အငယ်ဆုံးဖြစ်သော အရှင်နန္ဒမာလာဘိဝံသသည် နိုင်ငံတော်အစိုးရက ဆက်ကပ်သော အမြင့်ဆုံးဖြစ်သော စာချဘွဲ့ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်တို့ကို ရရှိတော်မူခဲ့သည်။

ရဟန်း ဝါ ၃၀ အရတွင် သီရိလင်္ကာနိုင်ငံ ကေလဏိယတက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ကို ရရှိခဲ့သည်။ ရဟန်း ဝါ ၄၀ အရတွင် Ph.D ပါရဂူဘွဲ့ကို ရရှိတော်မူသည်။ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ ပါမောက္ခချုပ်အဖြစ် ဆောင်ရွက်တော်မူ၍ အမေရိကန်၊ ကိုရီးယား၊ ဂျာမနီ၊ မက္ကဆီကိုနိုင်ငံများမှ ကျောင်းသားများအား ပါဠိဘာသာနှင့် အဘိဓမ္မာဘာသာများကို သင်ကြားပို့ချပေးတော်မူသည်။

အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့၊ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၊ အမေရိကန် စသော နိုင်ငံများသို့ကြွရောက်၍ အဘိဓမ္မာဘာသာ သင်တန်းများကို ပို့ချပေးခဲ့သည်။ ယခုအခါ ဆရာတော် ဘဒ္ဒန္တ ဒေါက်တာနန္ဒမာလာဘိဝံသသည် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ သာသနာပြုတက္ကသိုလ်၌ ပါမောက္ခချုပ်အဖြစ် ဆောင်ရွက်၍ ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ စစ်ကိုင်းမြို့ မဟာသုဗောဓာရုံတိုက်ကား ဂန္ထဓူရ သာသနာပြုလုပ်ငန်း၌ အံ့ချီးဖွယ်ရာ အောင်မြင်လျက်ရှိပါသည်။

ညီတော်နောင်တော် ခြောက်ပါးတို့ မြန်မာသက္ကရာဇ် ၁၃၂၀ ပြည့်နှစ်တွင် တည်ထောင်ခဲ့သော မဟာသုဗောဓာရုံကျောင်းတိုက်သည် ယခု မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် နယုန်လပြည့်နေ့တွင် နှစ် ၅၀ ပြည့်ခဲ့လေပြီ။ နှစ် ၅၀ ခရီးကို ထူးခြားအောင်မြင်စွာ လျှောက်လှမ်းနိုင်ခဲ့ပေပြီ။ မဟာသုဗောဓာရုံတိုက်၏ နှစ် ၅၀ ပြည့် ရွှေရတုသဘင်ကို ဤဆောင်းပါးဖြင့် ဂုဏ်ပြုအပ်ပါသည်။ ။

မဟာသုဗောဓာရုံကျောင်းတိုက်သည် တစ်အူထုံ့ဆင်း နောင်ညီအရင်း မထေရ် ခြောက်ပါး တည်ထောင်သော ကျောင်းတိုက် ဖြစ်၍ ထူးခြားသောကျောင်းတိုက်ဟု ဆိုခြင်း ဖြစ်ပါသည်။ တစ်မိတည်းဖွား ရဟန်းတော် ကိုးပါး သီတင်းသုံး၍ "ကိုးကျောင်း" ဟုလည်း ခေါ်ကြောင်း အရပ်စကား ကြားခဲ့ရဖူးပါသည်။

ရှင်းလင်းတင်ပြ

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးအတွက်ဆောင်ရွက်သော ကန္တာရဝတီလမ်းဘေး ဝဲယာပလက်ဖောင်း ပြုပြင်ခြင်းလုပ်ငန်းကို ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစည်သူ ဇွန် ၈ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောနိုင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးမောင်မောင်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မိုင်းလားနှင့် ပန်ဆန်းမြို့ များ၌ သင်တန်းများဖွင့်

ရန်ကုန် ဇွန် ၂၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန မိုင်းလားမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း သင်တန်းအမှတ်စဉ်(၄) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၉ ရက် နံနက်က သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အားပေး

ရှေးဦးစွာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်က သင်တန်းဖွင့်အမှာစကားပြောကြားခဲ့ပြီး ဧည့်သည်တော်များနှင့်အတူ အလုပ်ရုံခန်းမအတွင်း သင်တန်းသားများ လက်တွေ့သင်ကြားလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

လေ့ကျင့်

အလားတူ ပန်ဆန်းမြို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း သင်တန်းအမှတ်စဉ်(၄) ဖွင့်ပွဲ အခမ်းအနားကို ဇွန်၉ရက် နံနက်က သင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။ ရှေးဦးစွာ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနန်းအောင်က သင်တန်းဖွင့် အမှာစကား ပြောကြားပြီး ဧည့်သည်တော်များနှင့်အတူ အလုပ်ရုံ၊ စာသင်ခန်းမအတွင်း သင်တန်းသားများ လက်တွေ့လေ့ကျင့်နေမှုများ ကြည့်ရှု အားပေးသည်။

သင်တန်းအမှတ်စဉ်(၄)တွင် အခြေခံအဆောက်အအုံသင်တန်းသို့ သင်တန်းသား ၁၀ ဦး၊ စက်ပြင်သင်တန်းသို့ သင်တန်းသား ၁၀ ဦး၊ လျှပ်စစ်ဂဟေသင်တန်းသို့ သင်တန်းသား ၁၀ဦး စုစုပေါင်း သင်တန်းသား ၃၀ တက်ရောက်လျက်ရှိသည်။ သင်တန်းကာလမှာ ရက်သတ္တ ၂၄ ပတ် ကြာမြင့်မည်ဖြစ်ပြီး သင်တန်း ကာလအတွင်း သင်တန်းသားများ နေထိုင်စားသောက်ရေးနှင့် သင်ထောက်ကူပစ္စည်းများမှာ အခမဲ့ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၏

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် မြေပုံမြို့ ဗိုလ်ချုပ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဇွန် ၂ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးချစ်မောင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကောင်းထွန်းလင်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

လားရှိုး ဇွန် ၁၂

ပြန်လည်မွမ်းမံ တည်ဆောက်ပြီးဖြစ်သော လားရှိုးမြို့ ဆုတောင်းပြည့် ရွှာဦးစေတီတော် ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် နောင်ကွဲကျေးရွာမှ ပြန်လည်မွမ်းမံ တည်ဆောက်ပြီးဖြစ်သော ရှေးဟောင်း ဆုတောင်းပြည့် ရွှာဦးစေတီတော်မြတ်အား ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲ၊ အနေကဇာတင်ပူဇော်ပွဲနှင့် ဆောက်လုပ်ခဲ့သည့် သာသနိက အဆောက်အအုံများ စုပေါင်း ရေစက်ချ အခမ်းအနားကို မေ၁၉ရက်(ကဆုန်လပြည့်) နံနက် ၉နာရီက ကျင်းပသည်။**(အပေါ်ပုံ)**

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များထံမှ ငါးပါးသီလနှင့်ပရိတ်တရားတော်များကို အလှူရှင်များနှင့် ပရိသတ်များက နာယူကြည်ညိုပြီး စေတီတော်အထွတ်သို့ တင်လှူပူဇော်မည့် စိန်ဖူးတော်ကို ဘုရားဒါယကာ ရွှေတောင်တန်း သောက်ရေသန့်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးညီပလိတ်-ဒေါ်နန်းဖြူရည်ရည်မွန်တို့က လက်ယာရစ်လှည့်လည် ပင့်ဆောင် ပူဇော်ကြသည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ပြီး ဘုရားဒါယကာ ဦးညီပလိတ်-ဒေါ်နန်းဖြူရည်ရည်မွန် မိသားစုနှင့် ဧည့်ပရိသတ်များက ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။

(စာပေနှင့်စာနယ်ဇင်း)

ဖလမ်းမြို့၌ လက်ဖက်ပင်များ စုပေါင်းစိုက်ပျိုး

ဖလမ်း ဇွန် ၁၈

ချင်းပြည်နယ် ဖလမ်းခရိုင် ဖလမ်းမြို့ လက်ဖက်ပင် စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန်၁၄ရက် နံနက် ၉ နာရီက ဖလမ်းမြို့ သီလရှင်စာသင်တိုက်အနီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ပိုင်မြေကွက်၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးအုန်းမောင်စည်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်ဝင်းဌေးနှင့်အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိ သူများနှင့် ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌက လက်ဖက်ပင်နှင့်ပျိုးထုပ်များကို ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီး ရေးရာအဖွဲ့များသို့ ဖြန့်ဝေပေးအပ်ပြီး လက်ဖက်အပင် ၅၀၀ကို တစ်ပြိုင်တည်း စိုက်ပျိုးကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

သဒ္ဓမ္မဝါစီ ဟင်္သာတပရိယတ္တိစာသင်တိုက် အမိုးအကာများ ပြန်လည်ပြုပြင်ရန် ငွေလှူဒါန်း

ရန်ကုန် ဇွန် ၂၀

မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် ဇမ္ဗူအေးကျောင်းတိုက်အတွင်းရှိ လေဘေးဒဏ်ကြောင့် ပျက်စီးသွားသော သဒ္ဓမ္မဝါစီဟင်္သာတပရိယတ္တိစာသင်တိုက်ကြီး အမိုးအကာများ ပြန်လည်ပြုပြင်ရန်နှင့် ပျက်စီးယိုယွင်းနေသော သုံးထပ်ကျောင်းဆောင်သစ်ကြီး ပြန်လည်ဆောက်လုပ်ရန်အတွက် (ဈ)ရပ်ကွက် မင်းရန်အောင် ၁ လမ်း အမှတ် ၃၉ နေ မိခင်ကြီးဒေါ်ကျင်ဆိုင်အားရည်စူး၍ ဖခင်ကြီး ဦးစံယားနှင့် သား ဦးဝင်းမြင့်-ဒေါ်အေးအေး (ဝင်းမြင့်အထည်ချုပ်လုပ်ငန်း)မိသားစုက အလှူငွေကျပ် ၁၀ သိန်းကို ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာသီရိထံ ဇွန် ၁၅ ရက်က လှူဒါန်းရာ သာသနနုဂ္ဂဟသဟ ပုညကာရီအဖွဲ့ဥက္ကဋ္ဌ ဦးစိုးသိမ်းနှင့် အတွင်းရေးမှူး ဦးခင်ဇော်တို့က လက်ခံယူကြသည်။ **(အပေါ်ပုံ)** **(၁၁၈)**

ထီးချိုင့်မြို့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဖွင့်

ကသာ ဇွန် ၁၆

ကသာခရိုင် ထီးချိုင့်မြို့နယ် ကျောက်အိုက်ကျေးရွာအုပ်စု ကွမ်းတုံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဖွင့်ပွဲ အခမ်းအနားကို မေ ၃၁ရက်က အဆိုပါကျောင်း(ခွဲ)၌ ကျင်းပသည်။

အခမ်းအနားတွင် ကွမ်းတုံကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) မုခ်ဦးဆိုင်းဘုတ်ကို ထီးချိုင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်လွင်၊ မြို့နယ်ပညာရေးမှူး ဦးထွန်းမြင့်၊ မြို့နယ် ဥပဒေအရာရှိ ဦးကြည်မြိုင်နှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးအောင်ညွန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(ဝဲပုံ)**

ပေးအပ်

ထို့နောက် ကျောင်း(ခွဲ)ဖွင့်ပွဲ အထိမ်းအမှတ်အလံများကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးမောင်ဝေက မြို့နယ်ဥက္ကဋ္ဌဦးတင့်လွင်၊ မြို့နယ်ပညာရေးမှူး ဦးထွန်းမြင့်၊ မြို့နယ် အသင်းအမှုဆောင် ဦးမြလွင်တို့ထံ ပေးအပ်သည်။

လက်ခံ

ဆက်လက်၍ အလယ်တန်းကျောင်း(ခွဲ)နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းလွင်က မြို့နယ်ပညာရေးမှူး ဦးထွန်းမြင့်ထံသို့ ပေးအပ်ပြီး ကွမ်းတုံကျေးရွာပြည်သူများက ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းလွင်က လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

ရွှေဘိုမြို့ သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ပင်မရေဆိုးထုတ်မြောင်းကို အဖွဲ့ပိုင် မြေတူးစက်ဖြင့် ဆောင်ရွက်ရာသို့ မေ ၂၇ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးသင်းမင်းလတ်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကျေးဇူးဆပ်ပါမည် ကျွန်တော် ဦးခင်အောင် ၁၂/ဥကတ(နိုင်)၁၈၄၅၁၇၏ မိသားစုလွှဲငွေကတ်ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပါရန်။ **ဖုန်း-၅၇၁၈၄၈၊ ၅၇၀၅၁၅။**

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့ တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် ဗညားဒလလမ်း အမှတ် ၂၇၉ မြေညီထပ်နေ ဒေါ်တင်တင်စိုး ၁/ကမန(နိုင်)၀၀၁၄၆၁၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့ တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် ဗညားဒလလမ်း အမှတ် ၂၆၃/၂၆၅ ပထမထပ် အလယ်ခန်းတိုက်ခန်းကို ပိုင်ရှင်ဖြစ်သူ ဒေါ်အေးအေးချို ၁၂/တမန(နိုင်)၀၆၁၂၃၅ ထံမှဝယ်ယူရန်စရန်ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကျော်ဖုံ (LL.B, D.B.L, D.M.L, D.I.L, D.A, P.Sy, DIR)
တရားရုံးချုပ်ရှေ့နေ(စဉ်-၄၆၉၂)
အမှတ် ၃၆၊ ငါးလွှာ၊ ခေါင်းရင်းခန်း
၁၃၈လမ်း၊ မအူကုန်းရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မရမ်းကုန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၅၀(ကံဘဲ့)၊ မြေကွက်အမှတ် ၂၆၊ မြေကွက် တည်နေရာ အမှတ် ၂ ပါရီလမ်း ၁၀ရပ်ကွက် မရမ်းကုန်း ဦးအဂျမ်း၊ ဦးဘဲလူးအမည်ပေါက် မြေပိုင်မြေ ၀ဒသမ၅၈၉ဧကအား ရန်ကုန်အနောက်ပိုင်းခရိုင် ၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ် ၂၈၁ နှင့် ၂၀၀၈ခုနှစ် တရားမဇာရီမှုအမှတ် ၁၉အရ ဒုတိယဦးစီးအရာရှိ ဒေါ်ခင်သန္တာမှ တရားရုံးဦးအဂျေအက်(စ်)လမွေ့ချ်ကိုယ်စား အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ကျေးဇူးဆပ်မည် ကျွန်မ မနီနီအောင်၏ နိုင်ငံကူးလက်မှတ် အမှတ် No-A 048359 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၃-၀၂၄၈၁။**

ကြော်ငြာစာ

(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)
စစ်ကိုင်းခရိုင်တရားရုံး၌
၂၀၀၈ခုနှစ် တရားမအထွေထွေမှုအမှတ်(၅)

ချင်မေရှန်(ခ)ဒေါ်ကြည်ကြည်မြင့်	**နှင့်**	၁။ ဝင်းဦးကျော်
(ဘ)ဦးဟုန်တိုက်ဟောင်		၂။ ကိုအောင်ဇေယျ
[၄င်း၏အထွေထွေကိုယ်စားလှယ်စာ		၃။ ဒေါ်တင်မေအောင်
ရရှိသူအခွင့်ရကိုယ်စားလှယ်		၄။ ကိုဝင်းမြင့်
ဦးလှထွန်းအောင်(ခ)တင်အောင်]		၅။ ကိုမျိုးခင်
လျှောက်ထားသူ		**လျှောက်ထားခံရသူများ**

ကွယ်လွန်သူ ဦးဟုန်တိုက်ဟောင်၏ ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု-

စစ်ကိုင်းမြို့ ပါရမီရပ်ကွက် ကွင်းအမှတ် ၇၉၉(ပန်းဘဲတန်း) ဦးပိုင်အမှတ် ၁၆/ဃ၊ ဧရိယာ ၅ဒသမ၁၅ ဧကရှိ မြေပေါ်တွင် အမည်ပေါက်ပိုင်ဆိုင်ခဲ့သည့် ပစ္စည်းအပေါ်၌ အမွေထိန်း လက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် သမီးဖြစ်သူ လျှောက်ထားသူက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၀၈ ခုနှစ် ဇွန် ၃၀ရက် (၁၃၇၀ပြည့်နှစ် နယုန်လပြည့်ကျော် ၁၂ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ကွယ်လွန်သူဦးဟုန်တိုက်ဟောင်၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင် သည်အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၄င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်) ဆိုခဲ့သော ၂၀၀၈ခုနှစ် ဇွန် ၃၀ရက် (၁၃၇၀ပြည့်နှစ် နယုန်လပြည့်ကျော် ၁၂ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ၊ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ-၂၈၃နှင့်အညီ၊ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။

၄င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော လျှောက်ထားသူ၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၄င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ် လိမ့်မည်ဖြစ်ကြောင်း။

၂၀၀၈ ခုနှစ် ဇွန် ၁၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အေးအေးသိန်း
ခရိုင်တရားသူကြီး၊ စစ်ကိုင်းခရိုင်တရားရုံး။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ထည့်သွင်းနိုင်

ရန်ကုန် ဇွန် ၂၀

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်း သတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ် သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက် လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ် လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇** တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါနှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** (မြန်မာ့အလင်း)

ကြော်ငြာစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၀၈ခုနှစ်၊ တရားမ အထွေထွေမှုအမှတ်-၅၂

(ကွယ်လွန်သူဦးစံမြ၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် ဘူတာရုံလမ်း အမှတ်၃၅ (ယခင်အခေါ် အင်းစိန်ခရိုင် ဦးပိုင်အမှတ် ၄၃(သမိုင်း) မြေကွက်အမှတ် ၁၅ သမိုင်းမီးရထားဘူတာရုံလမ်း ဧရိယာ ၀ဒသမ၀၈၆ ဧက မြေပိုင်မြေအမျိုးအစား)၌ နေထိုင်ခဲ့သော ကွယ်လွန်သူဦးစံမြ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၀၇ အရ ပစ္စည်းရောင်းချခွင့်ပြုရန်နှင့် လျှောက်ထားသူ ဒေါ်ရင်ကြွေ (၄င်း၏အထွေထွေ ကိုယ်စားလှယ်စာရသူ ဦးလှမြင့်)က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၀၈ ခုနှစ် ဇူလိုင် ၁ရက် (၁၃၇၀ ပြည့်နှစ် နယုန်လပြည့်ကျော် ၁၃ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူဦးစံမြ၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု၊ သက်ဝင်သည်အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၄င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန်သင့်လျော်မည်ဟုအဆိုရှိလျှင်) ဆိုခဲ့သော ၂၀၀၈ခုနှစ် ဇူလိုင် ၁ရက် (၁၃၇၀ပြည့်နှစ် နယုန်လပြည့်ကျော် ၁၃ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကနေရာတကျအမိန့်ပေးထားသူကိုယ်စား တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၄င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော လျှောက်ထားသူ ဒေါ်ရင်ကြွေ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၄င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိုက်မည် ဖြစ်ကြောင်း။

၂၀၀၈ခုနှစ် မေ ၁၄ရက်၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဇော်ဝင်းဆွေ
ခရိုင်တရားသူကြီး
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။
* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သော သဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း-၀၆၇ ၄၀၄၀၂၂ နှင့်

ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။